ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်၊ တနင်္ဂနွေနေ့ (26-2-2012) (၇၀၄၇)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ သောင်္ဃသမအစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သောင်္ဃသမအစည်းအဝေး ဒုတိယနေ့ကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရဇဗက လည်းကောင်း၊ သာသနာရေးရာဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မပါလာဘိဝံသကလည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တမုနိန္ဒာဘိဝံသက လည်းကောင်း ဆွေးနွေးတော်မူကြသည်။

ယင်းနောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ အကြံပြုတင်ပြလာသော ကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ထို့နောက် ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး အစီအစဉ်များကို အတည်ပြုချက်ရယူရန်ကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

စာမျက်နှာ ၂ ကော်လံ ၁ သို့◆

နိုင်ငံဖွံ့ဖြိုးမှုကို တိုင်းတာရာတွင် နိုင်ငံသားများ သက်ရှည်ကျန်းမာမှုသည် ကဏ္ဍတစ်ရပ်အဖြစ်ပါဝင်

ပြည်သူတိုင်း သက်ရှည်ကျန်းမာစွာနေထိုင်နိုင်ရန် ကျန်းမာရေးအသိပညာရှိရန် လိုအပ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဇမ္ဗူသီရိမြို့နယ်အတွင်း ကွင်းဆင်းဆေးကုသခြင်းနှင့် ကျန်းမာရေးပညာပေးမှုများ ကြည့်ရှုအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ သတ်မှတ်နေရာများ၌ နေပြည်တော်ကောင်စီနှင့် ကျန်းမာရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးတို့ ပူးပေါင်းဆောင်ရွက်သော အခမဲ့ကွင်းဆင်းဆေးကုသခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောမှုများကို လှည့်လည်ကြည့်ရှုပြီး ဆေးဝါးကုသမှုခံယူနေသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နံနက် ၈ နာရီခွဲတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ပညာသိဒ္ဓိရပ်ကွက်ရှိ မြို့နယ်ပြည်သူ့ဆေးရုံ ခုတင်(၅၀)၌ ကျင်းပသည့် နေပြည်တော်ကောင်စီနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော အခမဲ့ကွင်းဆင်းဆေးကုသခြင်းနှင့် ကျန်းမာရေး အသိပညာပေးဟောပြောပွဲ အခမ်းအနားသို့ ရောက်ရှိလာရာ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် ကောင်စီဝင်များ၊ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်စန္ဒာလှိုင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဆေးရုံ၌ အထူးကုဆရာဝန်ကြီးများက ပညာသိဒ္ဓိရပ်ကွက်နေ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုဝင်များအား အခမဲ့ဆေးဝါးကုသပေးနေမှုနှင့် ကျန်းမာရေးအသိပညာပေးဟောပြောမှုတို့ကို လှည့်လည်ကြည့်ရှုပြီး ဆေးဝါးကုသမှုခံယူနေသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် နံနက် ၉ နာရီတွင် နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက်ရှိ မူလတန်းကြို ကျောင်း၌ကျင်းပသည့် နေပြည်တော် ကောင်စီနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်း ဆောင်ရွက်သော အခမဲ့ ကွင်းဆင်းဆေးကုသခြင်းနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲ အခမ်းအနားသို့ ရောက်ရှိလာကြရာ နေပြည်တော်အထွေထွေ ရောဂါကုဆေးရုံကြီး ခုတင်(၁၀၀၀)မှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ဖြူဖြူနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် မူလတန်းကြိုကျောင်း၌ အထူးကုဆရာဝန်ကြီးများက ဗလသိဒ္ဓိရပ်ကွက်နေ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုဝင်များအား အခမဲ့ဆေးဝါး ကုသပေးနေမှုနှင့် ကျန်းမာရေးအသိပညာပေးဟောပြောမှုတို့ကို လှည့်လည်ကြည့်ရှုပြီး ဆေးဝါးကုသမှုခံယူနေသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် နံနက် ၉ နာရီခွဲတွင် နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက် အမှတ်(၃) အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ကျင်းပသည့် နေပြည်တော်ကောင်စီနှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးတို့ ပူးပေါင်းဆောင်ရွက်သော အခမဲ့ကွင်းဆင်းဆေးကုသခြင်းနှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့❖**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဇမ္ဗူသီရိမြို့နယ် ပညာသိဒ္ဓိ ရပ်ကွက်ရှိ မြို့နယ်ပြည်သူ့ဆေးရုံ ခုတင်(၅၀)၌ ဆေးဝါးကုသမှုခံယူကြမည့် ဝန်ထမ်းနှင့်ဝန်ထမ်းမိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။

(သတင်းစဉ်)

ကြေးမုံ စာတည်းရှုထောင့်

၂၆-၂-၂၀၁၂[တနင်္ဂနွေနေ့]။

စာရိတ္တမဏ္ဍိုင် ကျင့်ကြံပွားများ

စာရိတ္တမဏ္ဍိုင်သည် နိုင်ငံ၏အဆင့်အတန်းဖြစ်ပါသည်။ စာရိတ္တပျက်ယွင်းပါက နိုင်ငံ၏ပုံရိပ်လည်း ကျဆင်းပြီး အများ၏ အထင်အမြင်သေးခြင်းခံရမည်သာ ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံအစိုးရနှင့် အမျိုးသားရေးခေါင်းဆောင်တို့က စာရိတ္တပြန်လည်ထူထောင်ရေးကို အမျိုးမျိုးသောနည်းတို့ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ ယခုလည်း ကြိုးပမ်းဆောင်ရွက်နေဆဲဖြစ်သည်။

စာရိတ္တကိုပြန်လည်တည့်မတ်ရာတွင် ဆရာသမားနှင့် လမ်းညွှန်ပြသသူတို့သာမက မီဒီယာများကလည်း အခါမလပ် တစိုက်မတ်မတ် နှိုးဆော်အသိပေးလျက်ရှိပါ၏။ သို့သော် အသိနှင့်အကျင့်သည် ခြား၍သာနေသေး၏။ လိုက်လေ ဝေးလေဖြင့် တစ်နေ့တခြားဆိုး၍သာနေသေး၏ဟု ထင်မှတ်ရ၏။ ဤသို့ မအောင်မြင်ခြင်းသည် စာရိတ္တပြုပြင်ခြင်းနှင့် ပတ်သက်၍ ကျွန်ုပ်တို့အယူအဆများ၊ နည်းနာများ လွဲမှားနေ၍လား ထင်မှတ်ရ၏။

အမှန်တွင် လူတို့စာရိတ္တပျက်ပြားခြင်းသည် ဘာသာတရားအပေါ် ယုံကြည်မှုနည်းပါးခြင်း၊ စီးပွားရေးကျပ်တည်းခြင်း၊ အသိပညာခေါင်းပါးခြင်း၊ ကိုယ်ချင်းစာတရားနည်းပါးခြင်းစသည်ဖြင့် အကြောင်းတရားအမျိုးမျိုးကို ပုံဖွဲ့၍ ယေဘုယျလက်ခံခဲ့ကြသည်။ ထိုအယူအဆမှာ အခါခပ်သိမ်းမှန်ကန်မှုမရှိဟု တွေ့မြင်လာရ၏။ အချို့မှာ ဘာသာတရားကိုင်းရှိုင်းခြင်း၊ ငွေကြေးချမ်းသာခြင်း၊ ဉာဏ်ပညာထက်မြက်ခြင်းတို့ ပြည့်စုံနေပါလျက် ကိုယ်ကျင့်တရားမပြည့်စုံသူများကို တွေ့မြင်နေရတတ်၍ဖြစ်၏။

စာရိတ္တကိုပြုပြင်ရာ၌ နည်းနိဿယများစွာရှိသော်လည်း အတ္တဖုံးလွှမ်းသော ပုထုဇဉ်လူသားတို့အဖို့ အသိနှင့်အကျင့် တစ်ထပ်တည်းဖြစ်ရန် ပြုဖွယ်ကိစ္စမှာခက်လှ၏။ ပညာတတ်သည် တတ်သည့်အလျောက် မိမိပညာဖြင့် အကာအကွယ်ပြု၏။ ဥစ္စာရှိသူကလည်း မိမိခနမာန်ဖြင့် အဟန့်အတားပြု၏။ ပညာနည်းသူကားဆိုဖွယ်ရာမရှိ။ ထို့ကြောင့် ပညာရှိသည်ဖြစ်စေ၊ ပညာမရှိသည်ဖြစ်စေ၊ ဥစ္စာရှိသည်ဖြစ်စေ၊ ဥစ္စာမဲ့သည်ဖြစ်စေ ပုဂ္ဂိုလ်ကိုဝိဂြိုဟ်ပြုခြင်း၊ လူတစ်စုက လူထုကိုစံပြုခြင်းတို့သည် စာရိတ္တမဏ္ဍိုင်ပြုပြင်ရေး၌ ထိရောက်သည့်ပမာပြုစရာဖြစ်သည်။

ကျွန်ုပ်တို့ဗုဒ္ဓဘာသာမြန်မာတို့တွင် စံပြုထိုက်သောပုဂ္ဂိုလ်၊ အစုအဖွဲ့မှာ ဝိနည်းသိက္ခာပုဒ်ကိုစောင့်ထိန်းသော ရဟန်းတော်များသာဖြစ်သည်။ အနောက်တိုင်းအလိုရမူ ၎င်းတို့ကျင့်ဝတ်နှင့် ဓလေ့ထုံးစံများဖြစ်သည်။ အနောက်တိုင်းသားအချို့သည် တစ်ချိန်က နယ်ချဲ့များသာဖြစ်သည်။ တိရစ္ဆာန်တို့ကို ညှဉ်းဆဲကြသည်။ လူတို့ကို ညှဉ်းဆဲကြသည်။ လူလူချင်း၊ လူနှင့်တိရစ္ဆာန် သတ်ခိုင်းကြသည်ကို ရာဇဝင်ရုပ်ရှင်များ၌ ကြည့်ဖူးမည်။ သို့သော် ရာစုနှစ်တစ်စုစာကြာသော် ပြောင်းလဲသွားကြသည်။ သိပ္ပံပညာထွန်းကားလာသဖြင့် အမြင်ကျယ်လာသည်။ နိုင်ငံအစိုးရက ပညာရေးကိုအားပေးသဖြင့် ဗဟုသုတကြွယ်လာသည်။ မိမိစိတ်ကိုချွန်းအုပ်သဖြင့် ယဉ်ကျေးလာကြသည်။ ဒါဝင်၏သီအိုရီကြောင့်လည်း လူနှင့်တိရစ္ဆာန် ယဉ်ကျေးလာကြသည်။ ထို့ကြောင့် တိရစ္ဆာန်နှင့် သဘာဝပတ်ဝန်းကျင်ကို ချစ်တတ်လာကြသည်။

ကြားဖူးနားဝရှိသော နိုင်ငံရပ်ခြားဇာတ်လမ်းတစ်ပုဒ်မှာ သမုဒ္ဒရာထဲမှ အလွန်ရိုင်းစိုင်းသော ကျွန်းတစ်ကျွန်းတွင် မျက်နှာဖြူအရာရှိတစ်ဦးမှာ ကျွန်းပေါ်သို့ရောက်ရှိသည့်နေ့မှစ၍ အဝတ်အစားကို မူလကထက် စမတ်ကျကျဝတ်သည်။ စနစ်တကျနေထိုင်စားသောက်သည်။ မိတ်ဆွေတစ်ဦးက အဘယ်ကြောင့်လူရိုင်းများအလယ်တွင် စနစ်တကျဝတ်စားနေထိုင်ပါသနည်းဟုမေးသော် "လူရိုင်းတွေနဲ့နေထိုင်ရတဲ့အတွက် ကိုယ့်ကိုယ်ကိုယ်ဂရုစိုက်နေထိုင်ရတာပေါ့၊ ဂရုမစိုက်ရင် မကြာခင်သူတို့လိုပဲ ဖြစ်သွားမှာပေါ့"ဟု ပြန်ဖြေလိုက်သည်။

မှန်ကန်ပါသည်။ လူ၏စိတ်ဓာတ်ကိုပြုပြင်ရာတွင် နေထိုင်မှုပုံစံသည် အရေးကြီးပါ၏။ မိမိဂုဏ်သိက္ခာကို မိမိရိုသေလေးစားခြင်းသည် စိတ်ဓာတ်နှင့် စရိုက်ကိုပြုပြင်ရာ၌ လူတစ်စုလေးစားအောင် လူတစ်ဦးက စံပြုခြင်းဖြစ်ပြီး ထိုလူတစ်စုကတစ်ဆင့် လူထုစံပြုအောင် ရှေ့ဆောင်လမ်းပြပြုကြခြင်းဖြစ်သည်။ အတုယူစံပြုမှုပြုရာ၌ မကောင်းသည်ကိုပယ်၊ ကောင်းသည်ကို အတုယူကြဖို့သာဖြစ်သည်။ မည်သည့်လူမျိုး ၊မည်သည့်ဘာသာမဆို ကောင်းသည့်အချက်ကို အတုယူရမည်သာ ဖြစ်သည်။

ကျွန်ုပ်တို့လူမျိုးများသည်ကား လူရိုင်းများမဟုတ်ပါ။ အခြားသူများ၏ ကိုယ်ကျင့်တရားပြောင်းလဲတိုးတက်လာပုံများကို သေချာလေ့လာ သင်ခန်းစာယူပြီး အမျိုးသားစာရိတ္တပြန်လည်ထူထောင်ရေးကို တကယ်တမ်း ကြိုးစားကျင့်ကြံသွားကြမည်ဆိုပါလျှင် စာရိတ္တမဏ္ဍိုင်ကြီး မလွဲမသွေ ခိုင်မာအောင်မြင်မည်သာဖြစ်ပါသည်။ ။

◆ရွှေဖုံးမှ

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တတိယအဖွဲ့ခွဲ၏ လေးလတာကာလ ဝိနစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာဆောင်ရွက်ချက်များကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီက ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ကြမည့် ဤအစည်းအဝေးကြီးတွင် သာသနာရေးဆိုင်ရာအဖြာဖြာတို့ကို ဆက်စပ်ညီညွတ်အောင် လျှောက်ထားခွင့်ရရှိခြင်း၊ ဝေယျာဝစ္စများ စီမံခန့်ခွဲခွင့်ရရှိခြင်းစသည်ဖြင့် ဒါန၊ သီလ၊ ဘာဝနာ၊ အပစာယန၊ ဝေယျာဝစ္စစသော ပုညကိရိယ ဝတ္ထု(၁၀)ပါး ကုသိုလ်တရားများကို ကောင်းစွာပိုင်ပိုင်ရရှိကြသဖြင့် ထိုကုသိုလ်တရားများ၏ အကျိုးဆက် ကောင်းကျိုးတရားများသည် မိမိတို့နောက်သို့ အရိပ်ပမာလိုက်ပါလျက် သံသရာခရီးလမ်းတွင် မပင်မပန်းလျှောက်လှမ်းကြရမည်ဟု နှလုံးသွင်းဆင်ခြင်ကာ နိုင်ငံတော်အစိုးရကိုယ်စား ဘုရားတပည့်တော်များအနေဖြင့် ဖရဏာပီတိ ဂွမ်းဆီထိပမာ လွန်စွာပင် ရွှင်လန်းဝမ်းမြောက်ရပါသည်ဘုရား။

ဗုဒ္ဓသာသနာတော်ကြီးသည် အံ့ဖွယ်ရှစ်ပါးနှင့်ပြည့်စုံသော သာသနာတော်မြတ်ကြီးဖြစ်ပါသည်ဘုရား။ အံ့ဖွယ်ရှစ်ဖြာ သာသနာတော်ဆိုသည်မှာ-

- အစဉ်မကျော် အကျင့်တော်များရှိခြင်း၊
- ဘုရားသားတော် တပည့်ရဟန်းတော်များသည် အသက်ပင်သေသေ ဘုရားရှင်ပညတ်ထားသည့် ဥပဒေတော်များကို မကျူးလွန်ခြင်း၊
- ရဟန်းတု ရဟန်းယောင်များကို ဖယ်ရှားပစ်ခြင်း၊
- လူမျိုးစုံဝင်ရောက်လာသော်လည်း သာကီဝင်မင်းသားရဟန်းတော်များဟူသော အမည်တစ်ခုတည်းသာရှိခြင်း၊
- ရဟန္တာအရှင်မြတ်များ ပရိနိဗ္ဗာန်ဝင်စံတော်မူကြသော်လည်း ဗုဒ္ဓသာသနာတော်မြတ်ကြီး လျော့ပါးသွားမှုမရှိခြင်း၊
- ကိလေသာတို့မှ လွတ်မြောက်မှုနိဗ္ဗာန်ချမ်းသာဟူသော အရသာတစ်မျိုးသာရှိခြင်း၊
- မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်များ ရရာရကြောင်း သတိပဋ္ဌာန်စသော ဗောဓိပက္ခိယတရား (၃၇)ပါးတည်းဟူသော အဖိုးအနဂ္ဃထိုက်တန်သော ဓမ္မရတနာသိုက်ကြီးများ ရှိခြင်း၊
- မဂ္ဂဋ္ဌာန်လေးယောက်၊ ဖလဋ္ဌာန်လေးယောက်ဟူသော အရိယာပုဂ္ဂိုလ်များ ထင်ရှားရှိခြင်းတို့ဖြစ်ကြောင်း သိရှိကြည်ညိုကြရပါသည်ဘုရား။

ထိုကဲ့သို့ အံ့ဖွယ်ရှစ်ဖြာ သာသနာတော်မြတ်ကြီးကို ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်ကာလမှ သင်္ဂါယနာ ၆ တန်ကျော်လွန်သည့် မျက်မှောက်ခေတ်တိုင်အောင် ရဟန္တာမထေရ်မြတ်ကြီးများ၊ သာသနာ့ဦးသျှောင် မဟာထေရ်ကြီးများနှင့် သံဃာတော်ထေရ်ရှင်မြတ်များက သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်ဟူသော ဗိုလ်ငါးတန် အရင်းခံလျက် တာဝန်ကျေပွန်စွာ လက်ဆင့်ကမ်းဆောင်ရွက်တော်မူလာခဲ့ကြသဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ထေရဝါဒဗုဒ္ဓသာသနာစစ်စစ်နေလိုလလို ထွန်းလင်းတောက်ပနေလျက် ကမ္ဘာ့အလယ်၌ တင့်တယ်ကောင်းခြင်းလှိုင်လှိုင်သင်းကာ ဂုဏ်သတင်းဝင့်ထည်လျက် ရှိနေပါသည်ဘုရား။

ယခုအခါ သံဃာ့အဖွဲ့အစည်းများတွင် သာသနာတော်မြတ်ကြီး၏ လုပ်ငန်းကိစ္စအဝဝကို စဉ်ဆက်ပြည့်ဝဆောင်ရွက်တော်မူနိုင်ကြစေရန် ဦးတည်ချက်ဖြင့် သံဃာ့အဖွဲ့အစည်းဝင်များ ၂၅%(ရာခိုင်နှုန်း) အဟောင်းအသစ်လဲလှယ်ရာတွင် ဆဋ္ဌအကြိမ် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် အစားထိုးရွေးချယ်ပွဲကို ၂၀၁၃ ခုနှစ် နှစ်စပိုင်းတွင် ပြုလုပ်ကြရတော့မည်ဟု သိရှိရပါသည်ဘုရား။ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းစဉ်များကို လက်ဆင့်ကမ်းစွမ်းအားမြှင့်လျက် ဆောင်ရွက်နိုင်ကြမည်ဟု ယုံကြည်ပါသည်ဘုရား။

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သောဠသမ အစည်းအဝေးတွင် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် သာသနာရေးဆိုင်ရာများကို လျှောက်ထားစဉ်။ (သတင်းစဉ်)

ဆဋ္ဌအကြိမ် ၆ နှစ်တာကာလအတွင်း ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက ဆုံးဖြတ်ခဲ့သော ဗုဒ္ဓသာသနာတော်ကြီး သန့်ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားရေးလုပ်ငန်းရပ်များကို ချမှတ်အကောင်အထည်ဖော်ရာတွင် ခရီးရောက်အောင်မြင်ခဲ့သည်ဟု ဆိုနိုင်ပါသည်ဘုရား။ ယနေ့ မြန်မာနိုင်ငံတော်တွင် ဘုန်းတော်ကြီးကျောင်းပေါင်း ၆ သောင်းကျော်၊ ရဟန်းသာမဏေပေါင်း ၅ သိန်းကျော်၊ သာသနာ့နွယ်ဝင်သီလရှင်ပေါင်း ၄ သောင်းကျော်ရှိသော်လည်း မှုခင်းဖြစ်ပွားသည့်ကျောင်း၊ အရေးယူခံရသည့်ရဟန်းသံဃာနှင့် သာသနာ့နွယ်ဝင်သီလရှင် အရေအတွက်တို့မှာ မပြောပလောက်ပါဘုရား။ သို့ရာတွင် "အမှိုက်ကစပြာသာဒ်မီးလောင်"ဆိုသကဲ့သို့ မကောင်းသော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့ကြောင့် တစ်သာသနာလုံး မှေးမှိန်စေရန်ဖြစ်သဖြင့် မပြောပလောက်သောအမှုကိုပင် ပေါ့ပေါ့တန်တန် သဘောမထားမိစေရန် လွန်စွာအရေးကြီးလှပါသည်ဘုရား။

အထူးသဖြင့် လျှောက်ထားလိုသည်မှာ ပြစ်မှုကျူးလွန်သော ရဟန်းသာမဏေများကို ဓမ္မစက်ဖြင့် အရေးယူသကဲ့သို့ အာဏာစက်ဖြင့်လည်း အရေးယူမှုများ ရှိနေပါသည်ဘုရား။ အကိုးကွယ်ခံ ရဟန်းသာမဏေအချို့အား ကိုးကွယ်သူလူပုဂ္ဂိုလ်များက တရားဥပဒေအရ အရေးယူရန်ဆောင်ရွက်ရန်မှာ အလွန်တရာမသင့်မလျော်သော ကိစ္စဖြစ်ပါသည်ဘုရား။ သို့ဖြစ်ပါ၍ ပြစ်မှုကျူးလွန်မှု၊ ပြစ်ဒဏ်သင့်မှုများ မဖြစ်ပေါ်စေရန် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်က ရဟန်းသာမဏေများအား ပြစ်မှုနှင့်ပြစ်ဒဏ်များ သိရှိလိုက်နာစေရေး အသိပေးရှင်းလင်းပွဲများ၊ ဩဝါဒခံယူပွဲများ မကြာခဏ ပြုလုပ်ဆောင်ရွက်ပေးတော်မူကြပါရန် လျှောက်ထားအပ်ပါသည်ဘုရား။ ထိုကဲ့သို့ပြုလုပ်ခြင်းအားဖြင့် ဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်းနေကာ သာသနာတော်တည်တံ့ပြန့်ပွားရေးလုပ်ငန်းစဉ်များကို တည်ငြိမ်အေးဆေးစွာ အရှိန်အဟုန်မြင့် ဆောင်ရွက်တော်မူနိုင်ကြမည် ဖြစ်ပါသည်ဘုရား။ အံ့ဖွယ်ရှစ်ဖြာ သာသနာတော်တွင် ဒုဿီလပုဂ္ဂိုလ်များ ဖယ်ရှားပစ်ခြင်းကို တတိယအံ့ဖွယ်အဖြစ်ထားရှိခြင်းမှာ ဘုရားရှင်သည် သာသနာတော်ကြီးသန့်ရှင်းရေးကို မည်မျှလိုလားတော်မူကြောင်း မှန်းဆကြည်ညိုနိုင်ကြပါသည်ဘုရား။

ဝိနည်းဥပဒေတစ်ရပ် ပညတ်တော်မူရာတွင် ဘုရားရှင်၏ မျှော်မှန်းချက်မှာ-

- သံဃာတော်များကောင်းမွန်စွာနေနိုင်ရေး၊
- သံဃာတော်များချမ်းချမ်းသာသာနေနိုင်ရေး၊
- အကျင့်ပျက်ပုဂ္ဂိုလ်များအား နှိမ့်ချရေး၊
- ရဟန်းကောင်းများ ချမ်းသာစွာတရားအားထုတ်နိုင်ရေး၊
- မျက်မှောက်ဖြစ်ပေါ်လာသည့် ကိလေသာအာသဝေါတရားများ စောင့်စည်းရေး၊
- နောင်ဖြစ်လာမည့် ကိလေသာအာသဝေါတရားများပယ်ရှားရေး၊
- မကြည်ညိုသေးသူတို့အား ကြည်ညိုစေရေး၊
- ကြည်ညိုပြီးသူတို့အား ပို၍ကြည်ညိုစေရေး၊
- သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီး ကာလကြာရှည်စွာ တည်တံ့ရေး
- ဝိနည်းတရားတော်ကို ဂုဏ်ပြုချီးမြှောက်ရေးတို့ဖြစ်ကြောင်း သိရှိကြည်ညိုကြရပါသည်ဘုရား။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သက်တမ်းအနှစ် ၃၀ ကာလအတွင်း ဆောင်ရွက်ခဲ့သည့် ဝိနိစ္ဆယရေးရာ၊ သာသနာ့ရေးရာ၊ ပညာရေးရာလုပ်ငန်းဆောင်တာများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းများသည် သာသနာတော်အတွက် များစွာအားတက်ကြည်ညိုဖွယ်ရာဖြစ်ပါသည်ဘုရား။ အဖွဲ့ခွဲများသည် မိမိတို့တာဝန်ကျရာကာလအတွင်း သာသနာရေးဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခြင်း၊ သုံးသပ်ဝေဖန်ခြင်း၊ ဆုံးဖြတ်ခြင်း၊ အစီရင်ခံစာတင်ခြင်း၊ မှတ်တမ်းများဖြင့် စနစ်တကျ မှတ်သားထားရှိတော်မူကြခြင်းစသည်ဖြင့် ဆောင်ရွက်တော်မူခဲ့ကြသည်ကို တွေ့ရှိရပါသည်ဘုရား။ ဆရာတော်ကြီးများသည် သက်တော်ရွယ်တော်ကိုမငဲ့ ကျန်းမာရေးကို ဂရုမစိုက်အားဘဲ မိမိကျရာလုပ်ငန်းတာဝန်များကို မတွန့်မဆုတ်သော လုံ့လဝီရိယ၊ လေးနက်သောသဒ္ဓါစေတနာ၊ ထက်သန်သောအားမာန်၊ မြဲမြံခိုင်ခံ့သောသတိပညာတို့ဖြင့် သာသနာတော်မြတ်ကြီးအတွက် ပြင်းပြကြိုးကုတ် အားထုတ်တော်မူကြသည်ကို တွေ့မြင်ရပါသဖြင့် ဝမ်းမြောက်နှမော်သာခုခေါ် ဆိုကြရပါသည်ဘုရား။

ဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သာသနာ့ဦးသျှောင် မဟာထေရ်မြတ်ကြီးများ ရှေ့ဆောင်ဦးရွက် စောင့်ရှောက်တော်မူနေကြသကဲ့သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အများပြည်သူတို့ကလည်း ငြိမ်းချမ်းသာယာစွာ ဆရာဒကာညီညာလက်ယှက် "ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ" ရှေ့သွားညီအောင် ကြည်ဖြူသဒ္ဓါစေတနာဖြင့် ထောက်ပံ့ချီးမြှင့်ပူဇော်လျက်ရှိကြပါသည်ဘုရား။

နိဂုံးချုပ်အားဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါး စုံညီ သောဠသမအစည်းအဝေးကြီးသို့ ကြွရောက်တော်မူကြရာတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဦးဆောင်မှုအောက်တွင်ရှိကြသည့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့သည် "သံဃာ့ကိစ္စ သံဃာဆောင်ရွက်ရန်"ဟူသော အခြေခံမူဖြင့် စီမံဆောင်ရွက်နိုင်ကြပြီး သက်တမ်းအားဖြင့် နှစ် ၃၀ ပြည့်မြောက်ခဲ့ပြီး ၃၁ နှစ်ထဲသို့ ချင်းနင်းရောက်ရှိလာပြီဖြစ်ပါ၍ များစွာ ခရီးရောက်အောင်မြင်ခဲ့ပါသည်ဘုရား။ ယနေ့အချိန်တွင် နိုင်ငံတော်အစိုးရသည် သာသနာတော်အတွက် အဘက်ဘက်မှ လိုလေသေးမရှိအောင် အားပေးချီးမြှောက် ထောက်ပံ့နေသကဲ့သို့ ပြည်သူပြည်သား ဒါယကာ၊ ဒါယိကာမများကလည်း အင်တိုက်အားတိုက်အားပေးချီးမြှောက်ထောက်ပံ့နေသည့် ဤအချိန်ကောင်းအခါကောင်းတွင် သတိတရားလက်ကိုင်ထား၍ ဗုဒ္ဓသာသနာတော်မြတ်ကြီးအကျိုး ပွားတိုးဆောင်ရွက်တော်မူနိုင်ကြပါစေကြောင်း ပန်ကြားလျှောက်ထားရင်း ဘုရားတပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါသည်။ ဆရာတော်သံဃာတော် အရှင်သူမြတ်တို့ ဘုရားဟု လျှောက်ထားသည်။

ယင်းနောက် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ပန္နရသမ အစည်းအဝေးက ချန်လှပ်ခဲ့သော ဝိနိစ္ဆယဆိုင်ရာမှုခင်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး ဆဋ္ဌအကြိမ် ဒွါဒသမ(လေးလပတ်)နိုင်ငံတော် ဝိနည်းဓိုရ်ဆရာတော်ကြီးများ ရွေးချယ်လျာထားအတည်ပြု ပင့်ဆောင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ဆက်လက်၍ ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ ပဥ္စမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးဆုံးဖြတ်ချက်များအပေါ် ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဩဘာသာဘိဝံသကလည်းကောင်း၊ သာသနာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍိတကလည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒမာလာကလည်းကောင်း ပြန်လည်ရှင်းလင်းလျှောက်ထားတော်မူကြသည်။

ယင်းနောက် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ ပဥ္စမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါယမ က ကြွရောက်တော်မူကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများထံမှ အတည်ပြုချက်ရယူတော်မူကြပြီး အထွေထွေကိစ္စများကို ဆွေးနွေးဆုံးဖြတ်တော်မူကြကာ ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သောဠသမအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)



နေပြည်တော် ဇေယျာသီရိမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်ဝင်း ခေါင်းဆောင်သော ဝန်ထမ်းများ မိုးပွင့်အဆင့်(၂) စီမံချက်ဖြင့် ဖေဖော်ဝါရီ ၁၆ ရက်က ခေတ်အေးကျေးရွာအုပ်စု၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၂၀ ကို ပြည်သူများသို့ တစ်ဦးချင်း လက်ရောက်ပေးအပ်စဉ်။ (သတင်းစဉ်)

❖ရှေ့ဖုံးမှ

ကျန်းမာရေးအသိပညာပေးဟောပြောပွဲ အခမ်းအနားသို့ ရောက်ရှိလာကြရာ အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) တပ်မှူး ဗိုလ်မှူးချုပ်ကျော်မင်းဦးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် အခြေခံပညာမူလတန်းလွန်ကျောင်း၌ တပ်မတော် အထူးကုဆရာဝန်ကြီးများက မင်္ဂလာသိဒ္ဓိရပ်ကွက်နှင့် ဘောဂသိဒ္ဓိရပ်ကွက်နေ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုဝင်များအား အခမဲ့ဆေးဝါးကုသပေးနေမှုနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောမှုတို့ကို လှည့်လည်ကြည့်ရှုပြီး ဆေးဝါးကုသမှုခံယူနေသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကျန်းမာရေးအသိပညာပေးဟောပြောပွဲသို့ တက်ရောက်၍ ဝန်ထမ်းနှင့်ဝန်ထမ်းမိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာရာတွင် နိုင်ငံသူနိုင်ငံသားများ၏ သက်ရှည်ကျန်းမာမှုသည် ကဏ္ဍတစ်ရပ်အဖြစ် ပါဝင်သောကြောင့် ကျန်းမာရေးအဆင့်အတန်းမြင့်မားရေးသည် အရေးကြီးကြောင်း၊ ပြည်သူတိုင်း သက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရန် ကျန်းမာရေးအသိပညာရှိရန် လိုအပ်ကြောင်း၊ သို့မှသာ ကျန်းမာရေးအသိပညာ၊ ကာကွယ်မှုအသိပညာနှင့် ကုသမှု အသိပညာတို့ကို ဟန်ချက်ညီညီဆောင်ရွက်နိုင်ပြီး ကျန်းမာရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်သူတိုင်း ကျန်းမာရေးအသိပညာများရရှိကာ ကျန်းမာရေးနှင့်အညီ နေထိုင်၊ ပြုမူ၊ ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် လမ်းညွှန်မှာကြားသည်။

ကွင်းဆင်းကုသရေးအဖွဲ့တွင် ဖျားနာရောဂါကုသရေးအဖွဲ့၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါကုသရေးအဖွဲ့၊ ခွဲစိတ်ကုသရေးအဖွဲ့၊ အရိုးခွဲစိတ်ကုသရေးအဖွဲ့၊ ဆေးလူမှုဆက်ဆံရေး အဖွဲ့၊ မျက်စိကုသရေးအဖွဲ့၊ သားဖွားမီးယပ်ကုသရေးအဖွဲ့၊ ကလေးကုသရေးအဖွဲ့၊ အရေပြားရောဂါကုသရေးအဖွဲ့၊ ငှက်ဖျားရောဂါကုသရေးအဖွဲ့၊ တီဘီရောဂါကုသရေးအဖွဲ့၊ ဆေးမှတ်တမ်းအဖွဲ့၊ ဆေးစာရင်းမှတ်တမ်းအဖွဲ့၊ ဆေးဝါးကျွမ်းကျင်အဖွဲ့၊ သွားဘက်ဆိုင်ရာကုသရေးအဖွဲ့၊ ဆီးနှင့်ကျောက်ကပ် ကုသရေးအဖွဲ့၊ ဦးနှောက်နှင့် အာရုံကြောကုသရေးအဖွဲ့၊ နှလုံး၊ အသည်း၊ ရင်ခေါင်းအထူးအဖွဲ့၊ အစာအိမ်နှင့် အူလမ်းကြောင်း အထူးအဖွဲ့၊ အရိုးနှင့်ထိခိုက်ဒဏ်ရာ ကုသရေးအဖွဲ့နှင့် အကြော အဆစ်နှင့် ပြန်လည်သန်စွမ်းရေးအထူးအဖွဲ့တို့ပါဝင်ပြီး ရောဂါအလိုက် သက်ဆိုင်ရာ အထူးကုဆရာဝန်ကြီးများက အခမဲ့ကုသပေးကြရာ နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုဝင်စုစုပေါင်း ၅၅၀၀ ကျော် လာရောက်၍ ဆေးဝါးကုသမှု ခံယူခဲ့ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက် အမှတ်(၃) အခြေခံပညာမူလတန်းလွန်ကျောင်း၌ တပ်မတော်အထူးကု ဆရာဝန်ကြီးများက မင်္ဂလာသိဒ္ဓိရပ်ကွက်နှင့် ဘောဂသိဒ္ဓိရပ်ကွက်နေ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုဝင်များအား အခမဲ့ ဆေးဝါးကုသပေးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ကုသပေးသွားမည်

အခမဲ့ကွင်းဆင်းကုသခြင်းနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောမှုများကို အဆိုပါနေရာများ၌ ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၆ ရက်အထိ ဆက်လက်ကျင်းပပြီး ကုသပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက်ရှိ မူလတန်းကြိုကျောင်း၌ ကျန်းမာရေး အသိပညာပေးဟောပြောပွဲသို့ တက်ရောက်၍ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုဝင်များအား လမ်းညွှန်မှာကြားစဉ်။
(သတင်းစဉ်)

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက် အမှတ်(၃) အခြေခံပညာမူလတန်းလွန်ကျောင်း၌ တပ်မတော်အထူးကု ဆရာဝန်ကြီးများက မင်္ဂလာသိဒ္ဓိရပ်ကွက်နှင့် ဘောဂသိဒ္ဓိရပ်ကွက်နေ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုဝင်များအား အခမဲ့ ဆေးဝါးကုသပေးနေစဉ်။
(သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်မြင့်ကြည်နှင့် ရေဝတီတိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် (ဧရာဝတီတိုင်းဒေသကြီး တာဝန်ခံ) ဒေါက်တာဒေါ်မြင့်ကြည်သည် ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၁၀ နာရီတွင် ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ဧရာဝတီတိုင်း ဒေသကြီး ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ဧပြီ ၁ ရက်တွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပရန်ရှိသော ပုသိမ်ခရိုင်၊ ဟင်္သာတ ခရိုင်၊ မြောင်းမြခရိုင်၊ မအူပင်ခရိုင်၊ ဖျာပုံခရိုင် ကော်မရှင်အဖွဲ့ခွဲများနှင့် ပုသိမ်၊ ရေကြည်၊ မြောင်းမြ၊ ဝါးခယ်မ၊ မြန်အောင်၊ မအူပင်၊ ဖျာပုံ၊ ဒေးဒရဲမြို့နယ် ကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများနှင့် တွေ့ဆုံ၍ ကြားဖြတ် ရွေးကောက်ပွဲ ကျင်းပရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်မြင့်ကြည်က ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန် ထားသည့် ကြေညာချက်၊ ညွှန်ကြားချက် များကို ရှင်းလင်းပြီး ရှောင်ရန်၊ ဆောင်ရန်တို့ကို မှာကြားကာ လာမည့်ကြားဖြတ် ရွေးကောက်ပွဲကို အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံမှူး၊ မဲရုံ အဖွဲ့ဝင်တို့က ဥပဒေ၊ နည်းဥပဒေနှင့် အညီ လွတ်လပ်၍တရားမျှတသော ရွေး ကောက်ပွဲအဖြစ် ကျင်းပပေးသွားရန်တို့ကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေး မှာကြားသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးထွန်းက ကြားဖြတ်ရွေးကောက်ပွဲအတွက် ဧရာဝတီ တိုင်းဒေသကြီးအနေဖြင့် ရွေးကောက်ပွဲ ဆိုင်ရာ ပြင်ဆင်မှု လုပ်ငန်းဆောင်ရွက် ထားရှိမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက် မည့် အစီအစဉ်များကို လည်းကောင်း၊ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့ကလည်း ယင်းတို့၏ နယ်မြေတွင် ကြားဖြတ်ရွေးကောက်ပွဲ အတွက် ပြင်ဆင်မှုလုပ်ငန်းများနှင့် တွေ့ ကြုံရသည့် အခက်အခဲများကို လည်း ကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒေါက်တာ ဒေါ်မြင့်ကြည် က တင်ပြဆွေးနွေးချက်များအပေါ် ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိမိရပ်ရွာ/ရပ်ကွက်တွင်

(က) လမ်းသွားရင်း ဆေးလိပ်မသောက်ပါနှင့်။
(ခ) မီးသတ်ယာဉ်များ ဝင်/ထွက် သွားလာနိုင်အောင် လမ်းများပြုပြင်ရှင်းလင်း ထားပါ။
(ဂ) သဘာဝရေကန်၊ အုတ်ရေကန်များ တူးဖော်ဆောက်လုပ်ပါ။
(ဃ) ရပ်ကွက်အတွင်း လူနေအိမ်များ စနစ်တကျ ဆောက်လုပ်ပါ၊ အိမ်နံဘေး အဖီအဆွယ် နေထိုင်ခြင်းများကို ရှောင်ကြဉ်ပါ။
(င) မီးကို စနစ်တကျ သုံးစွဲရေးအတွက် နိူးဆော်ပေးပါ။

မီးသတ်ဦးစီးဌာန။

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၆-၂-၂၀၁၂ (တနင်္ဂနွေနေ့)

၇း၀၅ တရားတော်
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၅ မြန်မာ့ရှုခင်း
၁၁း၂၀ ကာတွန်းအစီအစဉ်
-ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရုပ်ကလေးများ(အပိုင်း-၃၄)
၁၁း၅၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
-မျက်မမြင်ငှက်ကလေးရဲ့သီချင်းသံ
၁၂း၄၀ ကျန်းမာသုတ
၁း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-ရှင်သန်နေသရွေ့ (အပိုင်း-၃)
၄း၂၅ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄း၅၀ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (ပထဝီဝင်)
၅း၃၀ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆း၃၀ ဘဝကြေးမုံ (နေမဝင်မီထွက်တဲ့လ) (စွမ်းရည်၊ မေ၊ ကောင်းဆက်ထူးနှင့် သရုပ်ဆောင်များ) (ဒါရိုက်တာ-အဓိပတိ)
၆း၅၀ ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ‘ချစ်ခွန်းဖွဲ့သီချစ်သူဆီ’ (အပိုင်း-၅၅)**
-ယနေ့ရန်ကုန်မြင်ကွင်းစုံ
-ပဟေဠိနန်းတော်
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ‘တစ်နေ့သောအခါ’ (အပိုင်း-၂၀)
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ‘အရုဏ်ဦးရဲ့လင်းသံစဉ်’ (အပိုင်း-၅)

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

စင်ကာပူရှိ နာမည်ကျော် ကျောင်းများ၏ ပညာရေးလက်မှတ်များ အတုပြုလုပ်

စင်ကာပူ ဖေဖော်ဝါရီ ၂၅

စင်ကာပူနိုင်ငံရှိ နာမည်ကျော် ပုဂ္ဂလိကကျောင်းများ၏ ပညာရေးသက်သေခံလက်မှတ်များကို အတုပြုလုပ်ကာ အင်တာနက်မှတစ်ဆင့် ရောင်းချလျက်ရှိ ကြောင်း စင်ကာပူသတင်းဌာနများက ဖေဖော်ဝါရီ ၂၅ ရက်တွင် ဖော်ပြသည်။

စင်ကာပူပုဂ္ဂလိကကျောင်းများ၏ မည်သည့်သင်တန်းမှမဆို ပညာရေးသက်သေခံလက်မှတ်များကို ရရှိနိုင်သည်ဟု ပင် ရောင်းချသူများက ပြောကြားကြောင်း သတင်းတွင်ဖော်ပြ သည်။

ပညာရေးဆိုင်ရာ သက်သေခံ လက်မှတ်အတုများကို ဈေးကြီးကြီးဖြင့် ရောင်းချပြီး သက်သေခံလက်မှတ်အချို့ကို ဒေါ်လာ ၁၀၀၀၀ အထိပင်လျှင် ဈေးတင်ရောင်းချလျက်ရှိ သည်။

စင်ကာပူရှိ စီမံခန့်ခွဲမှုဖွံ့ဖြိုးရေးတက္ကသိုလ်မှ ပညာရေး သက်သေခံလက်မှတ်များနှင့် ယင်းတက္ကသိုလ်နှင့် ချိတ်ဆက်ထားသော ကျောင်းများမှ ပညာရေးသက်သေခံလက်မှတ်များကို အတုလုပ်ကာ မှောင်ခိုဈေးကွက်တွင် ရောင်းချလျက်ရှိသည်။

ပုဂ္ဂလိကပညာရေးကောင်စီသည် ပညာရေးသက်သေခံ လက်မှတ် အတုပြုလုပ်သည့် ပြဿနာကို အရေးယူဆောင်ရွက်သွားရန် စီစဉ်လျက်ရှိသည်။

စီးပွားရေးစီမံခန့်ခွဲမှု သို့မဟုတ် ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းများက ထုတ်ပေးသော သက်သေခံလက်မှတ်များ ကိုလည်း အတုပြုလုပ်ကာ ရောင်းချလျက်ရှိသည်။ **အင်တာနက်။**

ယူကရိန်း၌ အအေးလှိုင်းဖြတ်သန်း စီးပွားရေးလုပ်ငန်းများထိခိုက်

ကီယက်ဗ် ဖေဖော်ဝါရီ ၂၅

ယူကရိန်းနိုင်ငံတစ်ဝန်း၌ ထူးထူးကဲကဲ အအေးလှိုင်း ဖြတ်သန်းခဲ့ရာ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကမောက်ကမဖြစ်ခဲ့ရပြီး လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်ခဲ့ရကြောင်း၊ နဂိုမူလကပင် စီးပွားရေးကျဆင်းမှုဒဏ်ကို တွေ့ကြုံခံစား နေရသော ယင်းနိုင်ငံ၌ ရာသီဥတုဆိုးရွားမှုအခြေအနေက စီးပွားရေးလုပ်ငန်းများကို ထိခိုက်စေ ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဖေဖော်ဝါရီ ၂၄ ရက်တွင် သတင်းထုတ်ပြန်သည်။

အေဇော့ပင်လယ်ရေမျက်နှာပြင်၌ ရေခဲပြင်ဖုံးလွှမ်း ပြီး ရေယာဉ် ၂၀ စင်း ထက်မနည်း ပိတ်မိနေကြောင်း၊ တောင်ကြားလမ်းများနှင့် အဝေးပြေးလမ်းများတစ်လျှောက် ထရပ်ကားအစီး ၁၃၀ ခန့်မှာ နှင်းတောအတွင်း ရပ်ဆိုင်းထားရကြောင်း သတင်းတွင် ဖော်ပြသည်။

ပင်လယ်အတွင်း ပိတ်မိနေသော သင်္ဘောများနှင့် လမ်းများပေါ် ပိတ်မိနေသော ကားများကို ရှင်းလင်းဖယ်ရှားနိုင်ရန်နှင့် လမ်းများပေါ်ရှိ ဆီးနှင်းခဲများကို ရှင်းလင်းနိုင်ရန် အစိုးရက ငွေကြေးများစွာ အကုန်အကျ ခံကာ လုပ်ဆောင်နေရကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရာသီဥတု ပြင်းထန်မှုကြောင့် ဟင်းသီးဟင်းရွက် စိုက်ခင်းများနှင့် သစ်သီးဝလံစိုက်ခင်းများ ပျက်စီးဆုံးရှုံးခဲ့ရပြီး စားသောက်ကုန် ဈေးနှုန်းများ မြင့်တက်မှုကို ဖြစ်ပေါ် စေခဲ့သည်။

ဆီးနှင်းမုန်တိုင်းများ တိုက်ခတ်ခြင်းနှင့် အပူချိန် အလွန်အမင်းကျဆင်းခြင်းတို့ကြောင့် နေအိမ်များတွင် လျှပ်စစ်ဓာတ်အားသုံးစွဲမှု အလွန်မြင့်တက်ခဲ့သည်။

ဆင်ဟွာ။

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးများ ပက်ဖျန်းနေစဉ်။

ဘာလီ၌ ကြက်ငှက်တုပ်ကွေး ရောဂါဖြစ်ပွား အသက်၁၂နှစ်အရွယ် ကလေးတစ်ဦးသေဆုံး

ဂျကာတာ ဖေဖော်ဝါရီ ၂၅

အင်ဒိုနီးရှားနိုင်ငံ ဘာလီအပန်းဖြေကျွန်း၌ ကြက်ငှက် တုပ်ကွေးရောဂါကြောင့် အသက်(၁၂)နှစ်အရွယ် ယောကျ်ားလေး တစ်ဦး သေဆုံးခဲ့ကြောင်း၊ ယခုနှစ်အတွင်း ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ပိုးကြောင့် စတုတ္ထမြောက်သေဆုံးရခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၂၅ ရက်တွင် ပြောကြားသည်။

အဆိုပါ ကလေးသည် ဖေဖော်ဝါရီ ၁၁ ရက်တွင် အဖျားဝင်လာခဲ့ပြီး ငါးရက်အကြာတွင် ၎င်းကိုဆေးရုံသို့ တင်ပို့ခဲ့ ကြောင်း၊ ၎င်းသည် အသက်ရှူမြန်နေပြီး ဖေဖော်ဝါရီ ၂၁ ရက်တွင် သေဆုံးခဲ့ကြောင်း၊ ဓာတ်ခွဲခန်း၏ ဆေးစစ်ချက်အရ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားနေသည်ဟု အတည်ပြုကြောင်း ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တိရစ္ဆာန်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါထိန်းချုပ်ရေးဌာနက ပြောကြားသည်။

ကြက်ငှက်တုပ်ကွေးရောဂါသည် အာရှတိုက်၌ ခေါင်းထောင်လာနေသည်။ တရုတ်နိုင်ငံ၌ ဒီဇင်ဘာလနှောင်းပိုင်းမှ စ၍ H5N1 ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ရောဂါ ပထမဆုံးအကြိမ် ဖြစ်ပွားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပျံ့နှံ့မှုအများဆုံးနိုင်ငံဖြစ်ပြီး ၂၀၀၃ ခုနှစ်နှင့် ၂၀၁၁ ခုနှစ် အကြား ယင်းရောဂါကြောင့် သေဆုံးသူ ၁၅၀ ရှိခဲ့သည်။

ဆင်ဟွာ။

ဂျပန်တွင် အထီးကျန်စွာ သေဆုံးခြင်းများကို စိုးရိမ်လာကြပြီ

တိုကျို ဖေဖော်ဝါရီ ၂၅

ဂျပန်နိုင်ငံတွင် နေအိမ်ခန်းတစ်ခုအတွင်း၌ ပတ်ဝန်းကျင်က သတိပြုမိခြင်းမရှိဘဲ လွန်ခဲ့သည့် နှစ်လက သေဆုံးခဲ့သော အလောင်းသုံးလောင်းကိုတွေ့ရှိလိုက်ရကြောင်း၊ ယင်းသို့ လူမသိသူမသိသေဆုံးကြခြင်းကို စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လာကြကြောင်း ဖေဖော်ဝါရီ ၂၄ ရက် ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။

အဆိုပါ အလောင်းသုံးလောင်းကို နိုင်ငံမြောက်ပိုင်းဆိုင်တာမား၌ အင်္ဂါနေ့က တွေ့ရှိခြင်းဖြစ်သည်။ မိသားစု တစ်စုတည်းမှဖြစ်သည်ဟု သိရှိရသည်။

၎င်းအိမ်ခန်းသို့ လျှပ်စစ်ဓာတ်အားနှင့် ဓာတ်ငွေ့များပေးပို့ခြင်းအားဖြတ်တောက်ထားသည်။ နေအိမ်အတွင်း၌ စားသောက်ဖွယ်ရာများအနည်းငယ်မျှ မတွေ့ရှိရဘဲ တစ်ယန်းတန်ဖိုးရှိ အကြွေစေ့အနည်းငယ်သာ တွေ့ရသည်ဟုဆိုသည်။

ကမ္ဘာပေါ်တွင် တတိယအချမ်းသာဆုံး နိုင်ငံဖြစ်သော်လည်း ဂျပန်နိုင်ငံ၌ မကြာသေးမီနှစ်များအတွင်း ယင်းကဲ့သို့သော ဖြစ်ရပ်များ ပေါ်ပေါက်ခဲ့သည်။

ထိုသို့သေဆုံးခြင်းကို လူမသိသူမသိသေဆုံးခြင်း (ဂျပန်ဘာသာစကားဖြင့် ကူတိုကူရှိ)ဟု ရည်ညွှန်းခေါ်ဝေါ်ကြသည်။

ရဲတပ်ဖွဲ့များက ဆိုင်တာမားရှိ နေအိမ်ခန်းကို ရိုက်ချိုးဝင်ရောက်ကြသည့်အခါ ပိန်ခြောက်နေပြီဖြစ်သော အလောင်းသုံးလောင်းကို တွေ့ရှိခဲ့ကြသည်။

ငတ်ပြတ်သေဆုံး

မိဘနှစ်ဦးမှာ အသက် ၆၀ခန့်နှင့် သားဖြစ်သူမှာ ၃၀ ခန့်ရှိပြီး အစားအသောက် ငတ်ပြတ်၍ သေဆုံးခြင်းဖြစ်မည်ဟု ယူဆကြသည်။

၎င်းသေဆုံးသူ မိသားစုက အိမ်နီးနားချင်းကို အကူအညီတောင်းခံခဲ့ရာတွင် ငြင်းဆိုခြင်းခံရပြီး လူမှုဖူလုံရေးအာဏာပိုင်များထံသို့ သွားရောက်ကြရန် အကြံပေးခြင်းသာရရှိခဲ့ကြသည်။

ထိုမိသားစုက အိမ်နီးချင်းပေးသောအကြံဉာဏ်အတိုင်း လိုက်နာခြင်းမပြုခဲ့ပေ။ အကြောင်းမှာ ယင်းသို့ ပြုမူလျှင် ဒေသတွင်း သတင်းဌာနတို့၏ ဖော်ပြချက် အရ အရှက်ရဖွယ်ရာ ဖြစ်သည်ဟုခံစားကြ၍ဖြစ်သည်။ အချို့သောလူများသည် လူမှုဖူလုံရေးသို့ သွားရောက်ကြမည် ကိုလည်းကောင်း၊ အာဏာပိုင်များနှင့် တိုင်ပင်ရမည်ကိုလည်းကောင်း မလိုလားကြကြောင်း၊ အချို့ကလည်း ၎င်းတို့၏ အသိုင်းအဝိုင်းအတွင်းမှာပင် အထီးကျန် စွာနေထိုင်ကြကြောင်း အဆာဟီရှင်ဘွန်း သတင်းစာက ရေးသားသည်။

အင်တာနက်။

အလုပ်သမားများကို ကျွန်ကဲ့သို့ခိုင်းသည့် ဘရာဇီးလွှတ်တော်အမတ် တရားစွဲခံရ

ဘရာဇီးလီးယား ဖေဖော်ဝါရီ ၂၅

ဘရာဇီးနိုင်ငံတွင် အလုပ်သမားများကို ကျွန်ကဲ့သို့ ထားသည့် အထက်လွှတ်တော်အမတ်တစ်ဦးအား တရားရုံးချုပ်တွင် စစ်ဆေးမည်ဖြစ်ကြောင်း စနေနေ့ အေပီသတင်းတွင် ဖော်ပြသည်။

အစိုးရရှေ့နေချုပ်က တရားစွဲဆိုထားသည့် လွှတ်တော်အမတ် ဂျာအိုရိုင်ဗီရို၏ အမှုကို နိုင်ငံတော် တရားရုံးချုပ်က စီရင်ဆုံးဖြတ်မည်ဖြစ်ကြောင်း ၎င်း၏ဝက်ဘ်ဆိုက်တွင် ရေးသားထားသည်။

စွပ်စွဲထား

၎င်းလွှတ်တော်အမတ်သည် ပါရာပြည်နယ် အမေဇုန်တောအတွင်းမှ ၎င်း၏ မွေးမြူရေးခြံအတွင်း၌ အလုပ်သမား ၃၀ ကျော်ကို ထားရှိပုံမှာ အလွန်ညံ့ဖျင်း၍ စိတ်ပျက်ဖွယ်ကောင်းလှသည်ဟု စွပ်စွဲထားသည်။

အထက်လွှတ်တော်အမတ်များ၏ အမှုကို တရားရုံးချုပ်၌သာ စစ်ဆေးပိုင်ခွင့်ရှိသည်။

ဝင်ရောက်စစ်ဆေး

၂၀၀၄ ခုနှစ်အတွင်း၌ အလုပ်သမားဝန်ကြီးဌာနမှ စစ်ဆေးရေးတာဝန်ရှိသူများက ရိုင်ဗီရို၏ မွေးမြူရေးခြံကို ဝင်ရောက် စစ်ဆေးခဲ့ရာတွင် အလုပ်သမား ၃၀ကျော် သည် တစ်ပတ်လျှင် ၇၈ နာရီ အလုပ်လုပ်ကြရပြီး နားရက်ခံစားခွင့်မရရှိသည့်အပြင် လူသားတစ်ယောက်ကဲ့သို့ နေထိုင်ခွင့်မရရှိကြောင်း တွေ့ရှိခဲ့ရသည်။

အကြွေးသံသရာ

အလုပ်သမားများကို အကြွေးများက ဖိစီးနှိပ်စက်နေသည်ကိုလည်း စစ်ဆေးရေးသမားများက တွေ့မြင်ခဲ့ရသည်။ ၎င်းတို့သည် အစားအသောက်နှင့်အသုံးအဆောင်ပစ္စည်းများကို အဆိုပါခြံမှ အကြွေးဝယ်ကြရ၍ ယင်းအကြွေးကို ၎င်းတို့၏ လုပ်အားခမှ ဖြတ်တောက်ခုနှိမ်ယူခြင်းခံရသည်။

အလုပ်သမားများသည် အကြွေးသံသရာလည်လျက်ရှိသဖြင့် ယင်းမွေးမြူရေးခြံမှ ထွက်ခွာ၍၎င်းတို့၏ နေအိမ်များဆီသို့ မပြန်နိုင်ဖြစ်နေကြရသည်။

အလုပ်သမားများကို ၎င်း၏ မွေးမြူရေးခြံမှ ထွက်ခွာခြင်းကို မည်သည့်အခါကမျှ တားမြစ်ခြင်းမရှိပါဟု အထက်လွှတ်တော်အမတ်က ပြောသည်။

အင်တာနက်။

အမေရိကန်တိုက်လေယာဉ်များ ဈေးနှုန်းမြှင့်တင်ခြင်းမပြုရန် ဂျပန်တိုက်တွန်း

တိုကျို ဖေဖော်ဝါရီ ၂၅

အမေရိကန်နိုင်ငံမှ အက်ဖ်-၃၅ စတဲလ်ဂျက် တိုက်လေယာဉ်များ ဝယ်ယူရေးကိစ္စ၌ ကနဦးသဘောတူညီခဲ့သည့် ဈေးနှုန်းကို ပြင်ဆင်ပြောင်းလဲခြင်း မပြုလုပ်ရန် ဂျပန်ကာကွယ် ရေးဝန်ကြီး နာအိုကီတာနာကာက ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြောကြားသည်။

ဂျပန်နိုင်ငံသည် နောက်ဆုံးပေါ်နည်းပညာသုံး ဂျက်တိုက်လေယာဉ်များကို အမေရိကန်နိုင်ငံထံမှ ဝယ်ယူရန် ဆုံးဖြတ် ခဲ့သည်။

မိမိတို့ အဆိုပြုခဲ့သော ဈေးနှုန်းအတိုင်း ဂျက်တိုက်လေယာဉ်များကို ရောင်းချပေးရန် အမေရိကန်နိုင်ငံကို မေတ္တာရပ်ခံထားကြောင်း တာနာကာက ပြောကြားသည်။

အကယ်၍ အက်ဖ်-၃၅အမျိုးအစား ဂျက်တိုက်လေယာဉ်၏ဈေးနှုန်းကို သိသိသာသာ မြှင့်တင်လိုက် မည်ဆိုပါက ယင်းလေယာဉ်များကို ဝယ်ယူခြင်းမပြုတော့ရန် ဆုံးဖြတ်ဖွယ်ရှိ ကြောင်း ဂျပန်ကာကွယ်ရေး ဝန်ကြီးဌာနက အမေရိကန် ကာကွယ်ရေးဌာနသို့ ပေးပို့ခဲ့သောစာတွင် ဖော်ပြထားသည်။

ဂျပန်နိုင်ငံသည် ဧပြီလတွင်စတင်မည့် ဘဏ္ဍာရေးနှစ်မှစ၍ အက်ဖ်-၃၅ ဂျက်တိုက်လေယာဉ် လေးစင်းကို ဝယ်ရန် စီစဉ် ထားသည်။

အင်တာနက်။

ဆူဒန်ရှိ သစ်တောဥယျာဉ်မှ ဆင်ရိုင်း ကောင်ရေ ၅၀၀ ခန့် သတ်ဖြတ်ခံရ

ခါတွန် ဖေဖော်ဝါရီ ၂၅

ဆူဒန်နှင့်ချဒ်နိုင်ငံတို့မှ တောမုဆိုးများသည် နှစ်လပင်မပြည့်သည့်ကာလအတွင်း အမျိုးသားသစ်တောဥယျာဉ်တစ်ခုရှိ တောဆင်ရိုင်းများကို ကောင်ရေ ၅၀၀ နီးပါးအထိ ခိုးဝှက်သတ်ဖြတ်ခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

မိမိတို့၏ သစ်တောဥယျာဉ်အတွင်း ဆင်ကောင်ရေ ၄၈၀ အထိ သတ်ဖြတ်ခံခဲ့ရသည်ဟု ခန့်မှန်းရကြောင်း ဘူဘာနဂျီဒါ အမျိုးသားဥယျာဉ်မှ တာဝန်ရှိသူ မာသီယူဖော်မီတာက ပြောကြားသည်။

မိမိတို့သည် ဆင်သေကောင် ၄၅၈ ကောင်အထိ ရေတွက်နိုင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။ အဆိုပါ သစ်တောဥယျာဉ်သည် ချဒ်နိုင်ငံနှင့် ထိစပ်နေသော နယ်စပ်ဒေသအနီးတွင် တည်ရှိသည်။

အင်တာနက်။



ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ဆရာတော်များ၊ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်များ၊ တိုင်းဒေသကြီးအတွင်းရှိ ဂိုဏ်းပေါင်းစုံသံဃနာယက ဆရာတော်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗုဒ္ဓမြတ်စွယ်တော်တိုက်မှ ဆရာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗုဒ္ဓမြတ်စွယ်တော်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သာသနာရေးဗျူရိုမှ ကိုယ်စားလှယ်များ၊ သီရိလင်္ကာနိုင်ငံ ဗုဒ္ဓမြတ်စွယ်တော်တိုက်ထိန်းသိမ်းရေးအဖွဲ့မှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့များ၊ ဖိတ်ကြားထားသော ဧည့်သည်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် စေတီတော် အာရုံခံတန်ဆောင်း၌ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးအမွှေးနံ့သာတို့ဖြင့် လည်းကောင်း၊ အထက်ပစ္စယာရှိ ပတ္တမြားမျက်ရှင် ရုပ်ရှင်တော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတို့ဖြင့်လည်းကောင်း ကပ်လှူပူဇော်သည်။

ယင်းနောက် နံနက် ၇ နာရီတွင် အထက်ပစ္စယာအင်္ဂါထောင့်၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော ဆရာတော်ကြီးများ၊ အထက်ပစ္စယာထောင့်လေးထောင့်၊ အာရုံခံမုခ်ဦးတန်ဆောင်း လေးခုနှင့် စေတီတော်ရင်ပြင်ထောင့်လေးထောင့်တို့၌ ဆရာတော်သံဃာတော် အပါး ၂၆၀၀ တို့က ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူကြပြီး မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ပြည်သူများက ရင်ပြင်တော်အင်္ဂါထောင့်နှင့် စောင်းတန်းလေးသွယ်တို့မှ ဆရာတော် သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။

ယနေ့ ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲအခမ်းအနားတွင် ပင့်သံဃာအပါး ၂၆၀၀ တို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းမှု စုစုပေါင်းမှာ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ငွေကျပ် ၂၇၂၅ ဒသမ ၁ သိန်း၊ ဌာနဆိုင်ရာများ၊ စေတနာရှင် ပြည်သူများ၊ အသင်းအဖွဲ့များက ငွေကျပ် ၈၆၂၂ သိန်းကျော်ဖြစ်ကြောင်းနှင့် အခမ်းအနားသို့ လာရောက်ကြည်ညိုကြသော စေတနာရှင်ပြည်သူများကလည်း သဒ္ဓါတတ်အားသရွေ့ လှူဒါန်းကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အမှူးပြုသော ဆရာတော်ကြီးများ ရွှေတိဂုံစေတီတော် မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူစဉ်။ (သတင်းစဉ်)

ကျောင်းဆောင်သစ် ရေစက်ချမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် ကြံခင်းကျောင်း ပရိယတ္တိစာသင်တိုက်၌ ဆောက်လုပ်ပြီးစီးသွားသော သုံးထပ်ကျောင်းဆောင်သစ် ရေစက်ချပွဲကို မတ် ၃ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ပြီး မတ် ၂ ရက်မှ ၆ ရက်အထိ ညစဉ် ၇ နာရီတွင် တရားပွဲများ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ (ကြေးမုံ)

ရွှေရောင်စာကြည့်တိုက်နှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်ပွဲ ဝိုင်းမော်မြို့နယ်၌ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာ၌ နိုင်ငံတော်မတည်ငွေဖြင့် ဆောက်လုပ်သည့် ရွှေရောင်စာကြည့်တိုက် အဆောက်အအုံသစ်နှင့် မီဒီယာပစ္စည်းများ၊ ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၉ နာရီတွင် အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းဌေး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နှင်းရီနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းအောင်တို့က ရွှေရောင်စာကြည့်တိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်နယ်ပြန်/ဆက်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးညွှန့်ရွှေ**(အပေါ်ပုံ)**က ငွေကျပ် ၁၅၀၀၀ တန်ဖိုးရှိ သုတရသစာအုပ် ၅၀၊ ခရိုင်ဦးစီးအရာရှိ ဦးဘောမ်ယိန်းက ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ သုတရသစာအုပ် ၁၀၀ နှင့် မြန်မာ့အလင်းသတင်းစာ တစ်နှစ်စာ၊ မြို့နယ်ဦးစီးမှူးက သုတရသစာအုပ်နှင့် ဂျာနယ်မျိုးစုံ ၁၅၀၊ မြို့နယ်အုပ်ချုပ်ရေးမှူးက သုတရသစာအုပ် ၅၀၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ထားထားဦးက သုတရသနှင့် ဂျာနယ် ၇၅ စောင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင့်နိုင်က ကျန်းမာရေးဂျာနယ်မျိုးစုံ၊ ဦးသန်းအေးမိသားစုက သူရဇ္ဇမဂ္ဂဇင်း ၂၅ အုပ်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းအောင်မိသားစုက ငွေကျပ် တစ်သိန်းတန်ဖိုးရှိ ၂၁ လက်မ ရောင်စုံရုပ်မြင်သံကြားစက် တစ်လုံး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြအောင်က ငွေကျပ် ၅၀၀၀၀ နှင့် ကျေးရွာအလှူရှင်များက စာကြည့်တိုက် ငွေပဒေသာပင်အတွက် ငွေကျပ် တစ်သိန်းတို့ကို လှူဒါန်းကြသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ကျေးရွာမှ စုပေါင်းဆောက်လုပ်သည့် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

*** ကျောက်မီးသွေးတွင်းများမှ**

ကြိုတင်သိရှိနိုင်ရန် ကြိုးမဲ့အာရုံခံကွန်ရက်စနစ်က ထောက်လှမ်းပေးမည်ဖြစ်ကြောင်း ရှန်ကျီက ပြောကြားသည်။

တရုတ်နိုင်ငံရှိ ကျောက်မီးသွေးတွင်းများ၌ ကြိုးမဲ့အာရုံခံကွန်ရက်စနစ် နည်းပညာကို အသုံးပြုခြင်းဖြင့် မတော်တဆမှုများဖြစ်ပွားခြင်းမှ ရှောင်ရှားနိုင်မည်ဖြစ်သည်။ အဆိုပါနည်းပညာကို တရုတ်နိုင်ငံ၏ အမြန်ရထားများ ဘေးကင်းလုံခြုံစွာ ခုတ်မောင်းသွားလာနိုင်စေရေးအတွက်လည်း အသုံးပြုနိုင်ကြောင်း သုတေသနအဖွဲ့က ပြောကြားသည်။

တရုတ်နိုင်ငံ၌ ကြိုးမဲ့အာရုံခံစနစ်နည်းပညာကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလာမည်ဖြစ်ရာ ဈေးကွက်ဝယ်လိုအား အထူးကောင်းမွန်လျက်ရှိကြောင်း ရှန်ကျီက ပြောကြားသည်။ **အင်တာနက်။**

အောင်ဘာလေထီ ကျပ် ၂၀၀ ဖြင့် ရောင်းချ နံနက်မိုးမလင်းခင်ကပင် စောင့်ဆိုင်းဝယ်ယူ

မန္တလေး ဖေဖော်ဝါရီ ၂၅

ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲက မန္တလေးမြို့ ၈၄ လမ်း၊ ၂၈ လမ်းနှင့် ၂၉ လမ်းကြား ချမ်းအေးသာစံမြို့နယ် အခွန်ဦးစီးမှူးရုံးရှေ့၌ ဒေသခံပြည်သူများ ထီဈေးနှုန်းမှန်ကန်စွာဖြင့် ဝယ်ယူကံစမ်းနိုင်ရန် ထီအရောင်းဆိုင်ဖွင့်လှစ်၍**(အောက်ပုံ)** တစ်စောင်လျှင် ကျပ် ၂၀၀ နှုန်းဖြင့် နှစ်စောင်တွဲ၊ ငါးစောင်တွဲများအား လူတစ်ဦးစီအား ရောင်းချပေးခဲ့သည်။

(၂၇၇)ကြိမ်မြောက် ထီဖွင့်ပွဲမှစ၍ ကျပ်သိန်း ၁၅၀၀ ဆု၊ ကျပ်သိန်း ၁၀၀၀ ဆု၊ ကျပ်သိန်း ၅၀၀ ဆု၊ ကျပ်သိန်း ၃၀၀ ဆု၊ ကျပ်သိန်း ၂၀၀ ဆု၊ ကျပ်သိန်း ၁၀၀ ဆုများအပါအဝင် ဆုပေါင်း ၁၆၁၉၃ ဆု တိုးမြှင့်ချီးမြှင့်ခဲ့သဖြင့် ပြင်ပထီဆိုင်များတွင် ထီတစ်စောင် ကျပ် ၃၅၀၊ နှစ်စောင်ရှယ်ကျပ် ၇၀၀၊ သုံးစောင် ကျပ် ၁၀၀၀၊ ငါးစောင်ကျပ် ၁၆၀၀ အထူးမင်္ဂလာစုံတွဲကျပ် ၈၀၀၀ အထိ ဈေးတင်ရောင်းချနေကြသည်။

မန္တလေးမြို့မှတစ်ဆင့် ပြန်လည်ရောင်းချသူများသည် နံနက်မိုးမလင်းခင်ကပင် ပြည်တွင်းအခွန်များ ဦးစီးဌာန အောင်ဘာလေထီအရောင်းဆိုင်ရှေ့ရောက်ရှိပြီး စာရင်းပေးသွင်းကာ အတွဲလိုက်ဝယ်ယူနေကြပြီး အနီးဝန်းကျင်ရှိ ထီဆိုင်ကြီးများသို့ လက်လွှဲရောင်းဝယ်နေကြသဖြင့် အမှန်ကံစမ်းလိုသူများဝယ်ယူ၍မရကြောင်း သိရသည်။ (၆၅၃)

မြတ်ဘုရားရွှေတိဂုံစာအုပ် ထုတ်ဝေ

ရွှေတိဂုံစေတီတော်ကြီးသည် မြန်မာနိုင်ငံသူ နိုင်ငံသားများအတွက် လောကုတ္တရာရေးရာ ကြည်ညိုသဒ္ဓါပွား ဆည်းကပ်ရာသာမက လောကီရေးတွင်လည်း ခိုလှုံရာဌာနကြီးဖြစ်သည်။ ထို့ပြင် မြန်မာဗိသုကာ လက်ရာမွန် လက်ရာကောင်းတို့ စုပေါင်းတည်ရှိရာနေရာလည်း ဖြစ်သည်။ ဗုဒ္ဓဘာသာဝင် တိုင်းရင်းသားတို့ ကြည်ညိုသဒ္ဓါပွားနိုင်စေရန်၊ ဗုဒ္ဓဘာသာဝင် မဟုတ်သည့် ယဉ်ကျေးမှုသုတေသီတို့ လေ့လာဆည်းပူးနိုင်စေရန် လောကုတ္တရာရေးအတွက်သာမက လောကီရေးအတွက်ပါ အားထားမှီခိုရာဖြစ်သော ရွှေတိဂုံစေတီတော်ကြီးနှင့်ပတ်သက်၍ စုစည်းတင်ပြထားသည့် ဘုရားသမိုင်းပါ ရွှေတိဂုံစေတီတော်အကြောင်း၊ မြန်မာ့နိုင်ငံရေးနှင့် ယှဉ်သော စေတီတော်ကြီး၏ ခေတ်သစ်သမိုင်းကြောင်းများကို အသေးစိတ်ဖော်ပြထားသည်။

လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ကျော်၊ ၂၀၀ နီးပါးကတွေ့ရ မြင်ရခဲ့သော ရှားပါးဓာတ်ပုံများနှင့် ဘုရားဖူးများအတွက် လမ်းညွှန်မြေပုံများကို သီးခြားထည့်သွင်းဖော်ပြထားသည်။ မြတ်ဘုရားရွှေတိဂုံစာအုပ်ကို စာအုပ်ဆိုင်တိုင်းနှင့် ဆူပါမားကတ်စာအုပ်အရောင်းကောင်တာများတွင် ဝယ်ယူရရှိနိုင်ပြီး တစ်ဦးချင်းအိမ်အရောက်မှာယူလိုပါက Novel Light Express ဖုန်း၃၉၁၁၈၆၊ ၀၉-၅၀၈၅၀ တို့သို့ ဆက်သွယ်မှာကြားနိုင်ပြီဖြစ်သည်။

လေးစားအတုယူဖွယ် ကမ္ဘာ့စာဆိုကြီးများနှင့် အခြားပုဂ္ဂိုလ်ကျော်များ စာအုပ်ထွက်ရှိ

ယခုစာအုပ်ကို အငြိမ်းစား အထက်တန်းကျောင်းအုပ်ဆရာကြီး ဦးဝမ်ထိန်က စုဆောင်းစီစဉ် ရေးသားပြုစုထားပြီး စာအုပ်တွင် ကမ္ဘာ့ထိပ်တန်းပုဂ္ဂိုလ်ကျော် ၅၀၀ မျှထဲက ယနေ့ ကျောင်းသားလူငယ်များ၊ သုတေသီများ စိတ်ဝင်စားပြီး အတုယူနိုင်ကြမည့် ပုဂ္ဂိုလ်ကြီး ၈၁ ဦးတို့ကို ရွေးထုတ်ပြီး ထည့်သွင်းတင်ပြထားသည်။ ကဗျာစာဆို၊ စာရေးဆရာကြီးများ၊ နိုင်ငံခေါင်းဆောင်ကြီးများ၊ ဆန်းသစ်တီထွင် သိပ္ပံပညာရှင်ကြီးများ၊ ဘုရင်မင်းမြတ်နှင့် စစ်ဗိုလ်ချုပ်ကြီးများ၊ ပန်းချီ၊ ပန်းပု၊ ဂီတ၊ ဗိသုကာစသော အနုပညာရှင်ကြီးများ၊ တွေးခေါ်ပညာရှင်ဒဿနဆရာကြီးများ၊ နယ်သစ်ရှာ အာဇာနည်များ စသည်ဖြင့် စုံလင်လှသည်။

ပတ္တမြားငမောက်စာပေ အမှတ်(၁၆၈) ၃၃ လမ်း(ထက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၆၄၀၈ မှ ငွေကျပ် ၂၀၀၀ ဖြင့် တစ်ပြည်လုံးရှိ စာအုပ်ဆိုင်များသို့ ဖြန့်ချိထားသည်။

အဝေးရောက်ထွန်းတောက်မြန်မာနှင့် ညီလေးဖတ်ဖို့ရေးတဲ့စာ စာအုပ်ထွက်ရှိ

ရသစာပေဖြင့် ပုဂ္ဂလိက စာပေဆုသုံးဆုရခဲ့သော "စာရေးဆရာသားလတ်"က သုတစာပေများကို "ဆူးသစ်" အမည်ဖြင့် မှုခင်းရှုထောင့်ရသစုံမဂ္ဂဇင်းတွင် (၁၀)နှစ်ကျော်သည်အထိ ရေးသားခဲ့ရာ ၎င်းသုတဆောင်းပါးများထဲမှ ကောင်းနိုးရာရာ ၂၃ ပုဒ်ကို စုစည်းပြီး ထုတ်ဝေလိုက်ခြင်းဖြစ်သည်။

ယင်းစာအုပ်ကို လူငယ်လူရွယ်တိုင်း မလွဲမသွေ ဖတ်ရှုလေ့လာသင့်သည်။ စာကြည့်တိုက်တိုင်း၌ ထားရှိသင့်သည်။ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်မှ တစ်အုပ်လျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

မြန်မာ့ရိုးရာ အိမ်နေရာချထားခြင်းပညာ စာအုပ်ထွက်ရှိ

ဆရာရန်အောင်ဟိန်း ရေးသားသော မြန်မာ့ရိုးရာ အိမ်နေရာချထားခြင်းပညာ စာအုပ် ထွက်ရှိလာပြီ။ ဤစာအုပ်တွင် ရှေးမြန်မာပညာရှိများ၏ အိမ်ဆောက်ခြင်းဆိုင်ရာ အယူအဆအချို့ကိုလည်း အလျဉ်းသင့်ရာနေရာများတွင် ရေးသားထားသည်။ ဤစာအုပ်တွင် အခန်းပေါင်း ခုနစ်ခန်းပါဝင်သည်။ ဓာတ်သဘာဝများနှင့် ဝါစတု၊ နက္ခတ်ဗေဒင်ပညာနှင့် ဆက်စပ်ပုံ၊ မြေရွေးချယ်ခြင်း၊ အဆောက်အအုံစတင်ဆောက်လုပ်ခြင်း၊ နေထိုင်ရာအိမ်တွင်း ဝါစတုပုံကြမ်း၊ အခန်းအသီးသီးတို့၏ တည်ရှိပုံအနေအထား၊ အရေးကြီးသော အချို့အချက်များ၊ နမူနာပြအိမ်ပုံစံများ စသည်တို့ ပါဝင်သည်။ ယင်းစာအုပ်ကို မဇ္ဈိမစာပေ အမှတ်(၂၃၇) ပထမထပ် ၃၉ လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃ မှ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိလိုက်သည်။

အဓိပတိလမ်းပေါ်လျှောက်ရဲသလား စာအုပ်ထွက်ရှိ

အဓိပတိလမ်းပေါ်လျှောက်လိုသူသည် မိမိ၏ "ဦးတည်ချက်၊ ရည်မှန်းချက်၊ နည်းလမ်း၊ ကိုယ်ကျင့်တရား"တို့ကို ဦးစွာ ဆန်းစစ်သင့်သည်ဟု အကြံပြုထားသည်။ သာဓကများစွာ၊ ဖြစ်စဉ်များစွာနှင့် အယူအဆများစွာတို့ကို စုစည်းရှာဖွေယှဉ်ထိုး လေ့လာသင့်ကြောင်း၊ တစ်ပါးသူတို့၏ နောင်တတရားများကိုသာ သင်ခန်းစာယူရမည်ဖြစ်ကြောင်းနှင့် ကိုယ်တိုင်ရထားသော နောင်တဆိုလျှင် ပေးဆပ်ရမှုကြီးမားပါလိမ့်မည်ဟု သတိပေးထားသည်ကို တွေ့ရသည်။ အောင်ကျော်ဦး (မဟာဝိဇ္ဇာ)၏ စာအုပ်တွင် စာအုပ်မျက်နှာဖုံးခေါင်းစဉ်နှင့် ပြည့်စုံလုံလောက်စွာ မိတ်ဆက်တင်ပြထားသော လူသားအကျိုးပြုစာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

ထိုစာအုပ်ကို ဝင်းရတနာစာပေမှ ထုတ်ဝေပြီး သရအိမ်စာပေတိုက် တိုက်(၁) အခန်း(၄၀၁) သုခမြိုင်အိမ်ရာ လှိုင်မြို့နယ် ဖုန်း-၀၉-၅၄၁၅၉၀၆ မှ တစ်အုပ်လျှင် ငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိထားသည်။

ရပ်ကွက်၊ ကျေးရွာသူ ကျေးရွာသားများ၏ တစ်ဦးချင်းဝင်ငွေ တိုးပွားလာစေရေး ဈေးနှုန်းအခွန်အခ သက်သာချောင်ချိစွာဖြင့် လူမှုစီးပွားဘဝကို တည်ဆောက်ကြစေလို

နေပြည်တော် ဖေဖော်ဝါရီ ၂၅

အခြေခံသမဝါယမလုပ်ငန်းပေါင်းစုံ အသင်းတစ်သင်းသည် ကျေးရွာ၊ ရပ်ကွက်တစ်ခုအတွင်း မှီတင်းနေထိုင်ကြသည့် အသင်းဝင်များအား အခြေခံကာ ဘက်စုံထောင့်စုံ လုပ်ငန်းပေါင်းစုံဖြင့် ဖွဲ့စည်းတည်ထောင်ပြီး အသင်းသားများ၏ လူမှုစီးပွားဘဝ စားဝတ်နေရေးကိုသာမက ရပ်ကွက်/ကျေးရွာအတွင်းရှိ အခြားသော အသင်းမဝင်သည့် ကျေးရွာသားများနှင့် ပတ်ဝန်းကျင်ကျေးရွာများအထိ လွှမ်းခြုံကာမိအောင် အကျိုးဆောင်နိုင်စွမ်းရည်ဖြင့် ပြည့်စုံနေရန် အထူးလိုအပ်ကြောင်းကို ယမန်နေ့ နံနက် ၅ နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၅)ရပ်ကွက် အောင်မင်္ဂလာ အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်အသင်းသားများနှင့် တွေ့ဆုံပွဲအခမ်းအနား၌ သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ပြောကြားသည်။

သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် လားရှိုးမြို့ အမှတ်(၅)ရပ်ကွက် အောင်မင်္ဂလာ အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက် အသင်းသားများအား ဆွေးနွေးပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ဤအမှတ်(၅)ရပ်ကွက်သည် ၁၉၈၆ ခုနှစ် လားရှိုးမြို့ မီးလောင်စဉ်က ပြာပုံဘဝရောက်ရှိကာ အတိဒုက္ခရောက်ရှိခဲ့သည့်ဘဝမှ ရုန်းကန်လှုပ်ရှား၍ ယနေ့ထိတိုင် အသင်းသားအင်အား ၅၀၀ ကျော်ဖြင့် လုပ်ငန်းပေါင်းစုံအား ဖွဲ့စည်းတည်ထောင်ကာ သမဝါယမစနစ်၊ သမဝါယမနည်းပညာများကို မှန်ကန်စွာအသုံးပြု၍ တည်ဆဲဥပဒေ ညွှန်ကြားချက်များနှင့်အညီ လုပ်ငန်းများကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်သော အခြေခံလုပ်ငန်းပေါင်းစုံသမဝါယမ အသင်းတစ်သင်းအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်းသိရှိရသဖြင့် အသင်းသားများကို ချီးကျူးမှတ်တမ်းတင်ကြောင်း။

တိုးတက်လာသော ခေတ်ကာလရေစီးကြောင်းများ ပြောင်းလဲခဲ့သော်လည်း တူညီသော စိတ်ဓာတ်၊ တူညီသော ယုံကြည်ချက်၊ ရည်မှန်းချက်များသည်သာ ခိုင်မြဲသောအောင်မြင်မှုကို ထိန်းသိမ်းထားနိုင်သော သာဓကဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အိမ်တွင်းအသေးစားစက်မှုလက်မှုလုပ်ငန်း၊ ငွေစုငွေချေး၊ အသေးစားအရောင်းဆိုင်၊ လက်ကားအရောင်းဆိုင်၊ ရပ်ကွက်သာရေးနာရေး၊ ပညာရေး၊ ကျန်းမာရေးမှအစ မီးလင်းရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအထိ အကောင်အထည်ဖော်နေသော ဤအသင်းမျိုးသည် နိုင်ငံအဝှမ်း ကျေးရွာ၊ ရပ်ကွက်များသို့ လွှမ်းခြုံသွားရန် အမြန်လိုအပ်နေပြီဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲများကိုယ်တိုင် အောက်ခြေနယ်မြေသို့ ဝင်ရောက်ထိတွေ့စည်းရုံးလှုံ့ဆော် အားပေးနေချိန်တွင် ပေါ်ထွန်းလာသည့် အခွင့်အလမ်းများကို လက်မလွှတ်တမ်း အမိအရ ဆုပ်ကိုင်ဖမ်းယူ၍ နိုင်ငံအကျိုး ဆတက်ထမ်းပိုးတို့၍ တာဝန်ယူနိုင်ရန် ကြိုးပမ်းသွားရန် လိုအပ်ကြောင်း၊ အနေ့ယာဉ်၊ ဆိုင်ကယ်၊ ခေါင်းရွက်ဗျပ်ထိုးဈေးသည်မှသည် ရပ်ကွက်၊ ကျေးရွာသူ ကျေးရွာသားများ၏ တစ်ဦးချင်း ဝင်ငွေတိုးပွားလာစေရေး၊ ဈေးနှုန်းအခွန်အခ သက်သာချောင်ချိစွာဖြင့် လူမှုစီးပွားဘဝကို တည်ဆောက်ကြစေလိုကြောင်း အမှာစကားပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော အသင်းသူ၊ အသင်းသားများ၏ သိရှိလိုသည့် မေးမြန်းချက်များကို ရှင်းနှီးပွင့်လင်းစွာ ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူများက တစ်ပိုင်တစ်နိုင် မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းကဏ္ဍများ၊ သမဝါယမဝန်ကြီးဌာနမှ တာဝန်ရှိသူများက အသေးစားငွေစုငွေချေးလုပ်ငန်း၊ အိမ်တွင်းအသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်းအကြောင်းအရာများ၊ တာဝန်ယူဆောင်ရွက်ပေးနိုင်မှုများ၊ နည်းပညာဖြန့်ဝေရေး၊ သတင်းအချက်အလက်ရယူရေး၊ သင်တန်းစသည့် ပညာပေးရေးလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကြပြီး အသင်းအတွက် လိုအပ်သော အသင်းဝင်၊ အသင်းသားများ တိုးပွားလာရေးစည်းရုံးဖွဲ့စည်းရန်ကိစ္စ၊ မတည်ရင်းနှီးငွေထုတ်ပေးရေးကိစ္စ၊ ရန်ကုန်၊ မန္တလေး ကုန်စည် လက်ကားဒိုင်များမှ လားရှိုး၊ မူဆယ်ဒေသများသို့ ကုန်ပစ္စည်းများ အမြန်အလျင် ဖြန့်ဖြူးပေးပို့မည့်ကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် မကွေးပညာရေးကောလိပ်၏ စုဒ္ဒသမအကြိမ် ဆရာအတတ်ပညာဒီပလိုမာလက်မှတ် ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

မကွေးပညာရေးကောလိပ်၏ စုဒ္ဒသမအကြိမ် ဆရာအတတ်ပညာ ဒီပလိုမာလက်မှတ် ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက်တွင် မကွေးမြို့ ပညာရေးကောလိပ် ဘက်စုံခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ တက်ရောက်၍ အမှာစကားပြောကြားရာ၌ ယနေ့ သင်တန်းဆင်း ဆရာ ဆရာမများသည် ပညာရေးတာဝန်များကို ထမ်းဆောင်ရာတွင် မိမိရောက်ရှိရာဒေသများကို မိမိရပ်ရွာအဖြစ်ခံယူ၍ ပြည်သူများအား မိဘနှင့်မခြား၊ တပည့်များကို သားသမီးသဖွယ် သဘောထားပြီး စောင့်ရှောက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်နေသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများတွင် မိမိတာဝန်ကျဒေသများ၌ အင်တိုက်အားတိုက် ပါဝင်ကူညီဆောင်ရွက်ကြရန်လိုကြောင်း၊ ပညာရေးရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် အမျိုးသားပညာရည်မြင့်မားရေး ပညာရေးမြှင့်တင်မှုလုပ်ငန်းဆိုင်ရာ လမ်းညွှန်ချက်(၁၀)ချက်ကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပညာရေးတာဝန်များကို ထမ်းဆောင်ရင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာအခန်းကဏ္ဍက တာဝန်သိသိ သစ္စာရှိရှိဖြင့် နိုးကြားစွာ ဆောင်ရွက်ကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မကွေးပညာရေးကောလိပ် ကျောင်းအုပ်ကြီးက သင်တန်းဆင်း ဆရာ ဆရာမလောင်းများအား ဆရာအတတ်ပညာဒီပလိုမာနှင့် ဆရာအတတ်သင် ပညာရေးလက်မှတ်များကို တစ်ဦးချင်းထံ ပေးအပ်ခဲ့သည်။

ယနေ့ကျင်းပသော ဆရာအတတ်ပညာဒီပလိုမာနှင့် ဆရာအတတ်သင် ပညာရေး ဒီပလိုမာလက်မှတ်ပေးအပ်ပွဲ အခမ်းအနားတွင် စုစုပေါင်း ဆရာ ဆရာမလောင်း ၃၇၈ ဦးအား ပေးအပ်ခဲ့ကြောင်းနှင့် ဆရာအတတ်ပညာ ဒီပလိုမာ အောင်မြင်သူများထဲမှ ပညာရေးဘွဲ့ သင်တန်းသူ ၂၅ ဦး ဆက်လက်တက်ရောက်ခွင့် ရရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးဆက်လက်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပုံမှန်အစည်းအဝေး (စတုတ္ထ) နေ့ကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်နှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်း(၂၈)ခု မေးမြန်းခြင်း၊ အဆို(၃)ခုနှင့် အစည်းအဝေး တတိယနေ့က တင်သွင်းခဲ့သော အဆို(၃)ခုကို ပြန်လည်ဆွေးနွေးခြင်း၊ ပြန်လည်ရှင်းလင်းဖြေကြားခြင်း၊ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ကြပြီး အစည်းအဝေးကို ညနေ ၃ နာရီတွင် ရပ်နားသည်။

(သတင်းစဉ်)

လွှတ်တော် ပုံမှန် အစည်းအဝေးကျင်းပ

ပဲခူးတိုင်းဒေသကြီး လွှတ်တော် အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီးနှင့် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးတို့ ပူးပေါင်း၍ ပုံမှန်ဆောင်ရွက်လျက်ရှိသော ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုနှင့် ခွဲစိတ်ရာတွင် အသုံးပြုသော မှန်ပြောင်း ဝယ်ယူရန်အတွက် ဦးအောင်မင်းထွန်း-ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ဒေါ်ထွန်းအိန္ဒြာဗို၊ သားအောင်ပိုကောင်းသန့် မိသားစုက ဆေးရုံအုပ်ကြီး ဒေါက်တာဦးကျော်ကျော်၊ ပါမောက္ခဦးတိုးလွင်၊ ပါမောက္ခ ဦးခင်မောင်ဌေးတို့ထံ ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက ဆေးရုံအုပ်ကြီးရုံးခန်း၌ အလှူငွေကျပ် သိန်း ၄၀ ကို လာရောက်လှူဒါန်းစဉ်။ (သတင်းစဉ်)

မပြောမပြီး-မတီးမမြည်

စီးပွားရေးမြို့တော်နှင့် မော်တော်ဆိုင်ကယ်ပြဿနာ

နေပြည်တော်အား အုပ်ချုပ်ရေးမြို့တော်အဖြစ် သတ်မှတ်၍ အစိုးရအဖွဲ့ရုံးများ နေပြည်တော်သို့ ပြောင်းရွှေ့သွားကြသောအခါ မြို့တော်ဟောင်းရန်ကုန်သည် စီးပွားရေးမြို့တော်အဖြစ် ကျန်ရစ်ခဲ့လေသည်။ အစိုးရအဖွဲ့ရုံးများ နေပြည်တော်သို့ ပြောင်းရွှေ့ခြင်းမပြုမီ ၄/၅ နှစ်ခန့်ကပင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေး စီမံခန့်ခွဲမှုများအရ ရန်ကုန်မြို့၌ မော်တော်ဆိုင်ကယ်စီးနင်းခြင်းကို တားမြစ်ခဲ့သည်။

ဦးစွာပထမ ပုဂ္ဂလိက ကိုယ်ပိုင်မော်တော်ဆိုင်ကယ်များအား ကန့်သတ်ပိတ်ပင်ခဲ့သည်။ အစိုးရဌာနပိုင်မော်တော်ဆိုင်ကယ်များကိုသာ စီးနင်းသုံးစွဲရန် ခွင့်ပြုခဲ့သည်။ မကြာမီ အစိုးရဌာနဆိုင်ရာ ဆိုင်ကယ်များကိုလည်း လူပိုမတင်ရဘဲ မောင်းနှင်သူတစ်ဦးကိုသာ စီးနင်းခွင့်ပြုခဲ့သည်။ လွန်ခဲ့သော နှစ်နှစ်ခန့်မှစတင်၍ လျှပ်စစ်လုပ်ငန်းမှ ဌာနပိုင် မော်တော်ဆိုင်ကယ် ၆၅ စီးကိုသာ စီးနင်းခွင့်ပြုခဲ့ပြီး ကျန်ဌာနဆိုင်ရာဆိုင်ကယ်များအားလုံးကို လုံးဝစီးနင်းခွင့်မပြုဘဲ တားမြစ်ပိတ်ပင်ခဲ့သည်။

ယင်းသို့ ပိတ်ပင်ထားသည့် ကာလအစပိုင်း၌သာ လမ်းပေါ်၌ မော်တော်ဆိုင်ကယ်စီးနင်းခြင်းကို မတွေ့ရသလောက်ဖြစ်သွားသော်လည်း မြို့ပြင်ရပ်ကွက်၊ မြို့နယ်လမ်းများတွင် တဖြည်းဖြည်းပြန်လည်စီးနင်းလာကြလေသည်။ ယခုအခါ၌မူ မြို့တွင်းမှအပ မြို့နယ်အတော်များများတွင် မော်တော်ဆိုင်ကယ်စီးနင်းသူ အများအပြားကိုတွေ့လာရပြီဖြစ်သည်။ စီးနင်းသူအချို့မှာ ယူနီဖောင်းဝတ်အစိုးရဝန်ထမ်းများနှင့် အရွယ်မျိုးစုံသောအရပ်သားများ ဖြစ်ကြသည်။ အချို့မှာ ဆိုင်ကယ်နံပါတ်မပါသော Without များဖြစ်ကြပြီး အချို့မှာ နံပါတ်ပြားဟောင်းများ ခပ်တည်တည်တပ်ဆင်၍ စီးနင်းမောင်းနှင်လျက်ရှိကြလေသည်။

မော်တော်ဆိုင်ကယ်၏ သဘာဝမှာ ဆီစားသက်သာပြီး ခရီးပေါက်၏။ လမ်းမရွေးဘဲ စီးနင်းနိုင်သော သဘာဝ အားသာချက်ရှိ၏။ လိုရာသို့ အလွယ်တကူ ဝင်ထွက်သွားလာနိုင်၏။ အလျင်အမြန်ရောက်ရှိစေနိုင်၏။ ယင်းအားသာချက်များကြောင့် ဆိုင်ကယ်ကို အမြတ်တနိုးစီးသူ၊ သုံးစွဲသူပေါများလေသည်။ သို့သော် ပေ့ါပါးလျင်မြန်သော မော်တော်ဆိုင်ကယ်များကြောင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် အဖုံဖုံဖြစ်နိုင်၏။ ဆိုင်ကယ်ကို အသုံးချ၍ မသမာသူတို့က ရာဇဝတ်မှု ကျူးလွန်နိုင်၏။ လုံခြုံရေးကို အနှောင့်အယှက်ပေးနိုင်၏။ သို့ဖြင့် ရန်ကုန်မြို့၌ မော်တော်ဆိုင်ကယ်များ လုံးဝမစီးနင်းရန် တားဆီးပိတ်ပင်ခဲ့ရခြင်းဖြစ်ပေသည်။

သို့သော် ဆိုင်ကယ်စီးရေများစွာသည် မြို့ပြင်ရပ်ကွက်ရှိ လမ်းအသီးသီး၌ နေရာယူလာ၏။ ဓာတ်ဆီဖြင့်မောင်းနှင်ရသော ဆိုင်ကယ်များအပြင် လျှပ်စစ်ဆိုင်ကယ်များပါ လှုပသစ်လွင်စွာ စီးနင်းလာကြ၏။ သက်ဆိုင်ရာမှ တားဆီးခြင်း၊ အရေးယူခြင်းများမရှိတော့ပြီလော စဉ်းစားစရာဖြစ်လာသည်။ မော်တော်ဆိုင်ကယ်သည် တောရောမြို့ပါ လူမှုစီးပွားဘဝ၌ အရေးပါသော ယာဉ်ရထားဖြစ်နေ၏။ စီးနင်းခွင့်မရှိသော မြို့နယ်လမ်းများတွင် စီးနင်းနေကြ၏။ အချို့မှာ Without၊ အချို့မှာ နံပါတ်ပြားအတု ချိတ်လျက် သွားလာနေ၏။

ပိတ်ပင်တားဆီးထားသော်လည်း စီးနင်းနေကြ၏။ အလွန်အသုံးဝင်သော ယာဉ်ရထားကို လိုအပ်ချက်နှင့်အညီ သုံးစွဲနေကြခြင်းဟု ထင်မြင်စရာရှိပေသည်။

ရန်ကုန်မြို့၌ ဆိုင်ကယ်များ စည်းကမ်းတကျ ကွပ်ကဲကြပ်မတ်မှု မရှိခြင်း၊ စနစ်တကျခွင့်ပြုပေးခြင်း ကင်းမဲ့သဖြင့် နိုင်ငံတော်မှ ရရှိသင့်၊ ရရှိထိုက်သော အခွန်အခဝင်ငွေများမရရှိသည့်အပြင် မတော်တဆမှု ဖြစ်ပွားပါကလည်း အရေးယူရှင်းလင်းခြင်းပြုရန် ခက်ခဲမှုများရှိနိုင်ပေသည်။ ထို့ကြောင့် ရန်ကုန်မြို့၌ မော်တော်ဆိုင်ကယ်စီးနင်းခွင့် ပြုသင့်၊ မသင့်ကို ပြန်လည်စိစစ်ရန် လိုအပ်ပေသည်။

မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်၌ပင်လျှင် ဆိုင်ကယ် ကယ်ရီများဖြင့် ခရီးသွားလာနေရဆဲဖြစ်၏။ စိတ်ကျန်းမာရေးဆေးရုံကဲ့သို့ ဝေးလံသောဆေးရုံသို့ သွားလာရာ၌လည်း ဆိုင်ကယ် ကယ်ရီများ၏ အခန်းကဏ္ဍမှာ အရေးပါလျက်ရှိ၏။ မြို့တွင်းမှအပ မြို့နယ်အတော်များများတွင် ဆိုင်ကယ်များ ပေါ်ပေါ်တင်တင် စီးနင်းနေကြပြီဖြစ်၏။ ထို့ကြောင့် ဆိုင်ကယ်ပြဿနာကို စဉ်းစားရတော့မည်ဖြစ်သည်။ မြို့တွင်းခြောက်မြို့နယ်အပါအဝင် မော်တော်ယာဉ်များပြားရှုပ်ထွေးသော လမ်းများရှိသည့် စည်ကားသောမြို့နယ်များတွင် လုံးဝစီးနင်းခွင့် မပြုဘဲ အခြားသော မြို့နယ်များတွင် စီးနင်းခွင့်ပြုမည်လော။ မြို့တွင်း ခြောက်မြို့နယ်နှင့်အတူ ဒဂုံ၊ ဗဟန်း၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ ကမာရွတ်၊ လှိုင်၊ မရမ်းကုန်း၊ ရန်ကင်းစသော မြို့နယ်များတွင် စီးနင်းခွင့်မပြုသင့်သော်လည်း အခြားမြို့နယ်များဖြစ်သော တောင်/မြောက် ဥက္ကလာပ၊ သာကေတ၊ သဃ်န်းကျွန်း၊ ဒဂုံမြို့သစ်လေးမြို့နယ်၊ အင်းစိန်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မင်္ဂလာဒုံ၊ ထောက်ကြန့်စသည့် မြို့နယ်များ၌ စီးနင်းခွင့်ပြုမည်လော စီးနင်းခွင့်ပြုထားသည့် မြို့နယ်များသို့ ဆိုင်ကယ်များ လွတ်လပ်စွာ ဆက်သွယ်သွားလာခွင့်ပြုမည်လော တွေးတောစဉ်းစားရမည်ဖြစ်၏။

မြို့တော်သန့်ရှင်းသပ်ရပ်ရေး၊ စိမ်းလန်းစိုပြည်ရေး၊ လေထုသန့်စင်ရေးတို့အတွက် မီးခိုးမထွက်သောလျှပ်စစ်မော်တော်ဆိုင်ကယ်များကိုသာ စီးနင်းခွင့်ပြုမည်လော။ ဆိုင်ကယ်သည် အန္တရာယ်များသော ယာဉ်ရထားဖြစ်၏။ အလွန်လည်း အသုံးဝင်၏။ ဆင်ခြင်တုံတရားအသိများဖြင့် အသုံးပြုမောင်းနှင်ခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာခြင်း၊ သက်ဆိုင်ရာမှ စနစ်တကျ ကြီးကြပ်ကွပ်ကဲခြင်းများ ရှိခဲ့ပါမူ အန္တရာယ်သည် လျော့ပါးမည်သာဖြစ်၏။ သားရွှေအိုးထမ်းလာသည်ကို မြင်ရသကဲ့သို့ ရန်ကုန်မြို့ရှိ ခွင့်ပြုသတ်မှတ် မြို့နယ်များတွင် ခွင့်ပြုမော်တော်ဆိုင်ကယ်များ မြို့ကြီးသားများပီပီ သိက္ခာရှိရှိ၊ စည်းကမ်းရှိရှိဖြင့် မောင်းနှင်သွားလာနေသည်ကို ကျက်သရေရှိစွာမြင်တွေ့ရစေချင်ပါသည်။ ဝိုင်းဝန်းစဉ်းစားကြပါကုန်။

ဦးသန်းကြွယ်

ခရီးသည်နှင့် ကုန်စည်များ ပို့ဆောင်ပေးနိုင်ရန်နှင့် ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုရန် စစ်တောင်းမြစ်ကိုဖြတ်ကျော်တည်ဆောက်ပေးထားသည့် စစ်တောင်းမြစ်ကူးတံတား(ရွှေကျင်-မဒေါက်)

* ရွှေကျင်မြို့နှင့် မဒေါက်မြို့တို့အကြား စီးဆင်းနေသော စစ်တောင်းမြစ်ကိုဖြတ်ပြီး ပေါင်းကူးဆက်သွယ်ထားသည့် တံတားဖြစ်သည်။
* ဤတံတားကြီးကို ဖွင့်လှစ်လိုက်ခြင်းကြောင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးမှနေ၍ ညောင်လေးပင်-မဒေါက်လမ်းအတိုင်း ရွှေကျင်မြို့သို့ အချိန်တိုအတွင်း အလွယ်တကူသွားရောက်နိုင်သည်။
* ယခင်က ရွှေကျင်ဒေသမှ စစ်တောင်းမြစ်ကို စက်တပ်လှေ၊ လက်လှော်လှေများဖြင့်သာ ဖြတ်သန်းရပြီး ရေလမ်းကို အန္တရာယ်ရှိစွာဖြင့် အချိန်ကုန်လူပင်ပန်းစွာ ကူးသန်းခဲ့ရသည်။ ယခုအခါ ထိုဒုက္ခများမှ လွတ်ကင်းသွားပြီဖြစ်သည်။
* မိုင် ၁၀၀ ကျော်ကွာဝေးသည့် ရန်ကုန်မြို့သို့ ညအိပ်ခရီးသွားလာခဲ့ကြရာမှ ယခုအခါ အချိန်မရွေးနေ့ချင်းပြန် သွားလာနိုင်ကြပြီဖြစ်သည်။
* ယခင်က ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် အဆင့်ဆင့်သယ်ယူနေရ၍ စရိတ်စကများ ကြီးမားလှပြီး ကုန်ဈေးနှုန်း မတည်မငြိမ်ဖြစ်ခဲ့ရသည်။ ယခုအခါ ဤတံတားကြီးကြောင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ခဲ့ပြီး ကုန်ဈေးနှုန်းတည်ငြိမ်လာကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုခဲ့သည်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

တံတားအချက်အလက်များ

၁။ တံတား အပေါ်ထည်ကို ကြိုတင်အားဖြည့်ကွန်ကရစ်နှင့် သံကူကွန်ကရစ်တို့ဖြင့် တည်ဆောက်ထားပြီး တံတားအောက်ထည်မှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်သည်။

၂။ တံတား၏ အုတ်မြစ်တိုင်များကို သံကူကွန်ကရစ်ပိုင်များဖြင့် တည်ဆောက်ထားသည်။

၃။ တံတား၏စုစုပေါင်းအရှည်မှာ ပေ ၁၅၀၀ ရှိသည်။ ယာဉ်သွားလမ်းအကျယ် ၂၈ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် လေးပေစီရှိသည်။

၄။ တံတားအောက်ရေလမ်းကင်းလွတ်နယ်မှာ အကျယ်ပေ ၈၀ နှင့် အမြင့် ၁၂ ပေ ရှိသည်။

၅။ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်တန် ၆၀ ဖြစ်သည်။

၆။ ၅-၁၂-၂၀၀၀ ပြည့်နှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၁-၂-၂၀၀၃ နေ့တွင် ဖွင့်လှစ်ခဲ့သည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း သီပေါမြို့ မြို့နယ်ခန်းမ၌ တွေ့ဆုံပွဲသို့တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

☆ ကျောဖုံးမှ

ခရိုင်နှင့်မြို့နယ် ရဲတပ်ဖွဲ့စခန်းများနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့ အတွက် DTH Sky Netရုပ်သံဖမ်းစက် အစုံ ၄၀ ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ရွှေနှင်းတောင်ကုမ္ပဏီ ဥက္ကဋ္ဌ ဦးစိုင်းအိုက်မောင်က စိုက်ပျိုးရေး သုံးဆေးဖျန်းပုံးအလုံး ၅၀ ကို ပေးအပ် လှူဒါန်းသည်။

ထို့နောက် ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ က ကျောက်မဲမြို့ မီးသတ်တပ်ဖွဲ့စခန်း အတွက် မီးသတ်မော်တော်ယာဉ် တစ်စီးကို ပေးအပ်လှူဒါန်းရာ မြို့နယ် အုပ်ချုပ်ရေးမှူးက လက်ခံသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတ သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတ၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ကျောက်မဲမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး သီပေါမြို့သို့ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသား များက ကြိုဆိုကြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် သီပေါမြို့ မြို့နယ်ခန်းမ၌ကျင်းပသော မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူ များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေး မှူးများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူ များနှင့်တွေ့ဆုံပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် မြို့မိမြို့ဖများ၊ အုပ်ချုပ်ရေး မှူးများက ဒေသ၏လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးနှင့် ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ် အောင်မြတ်၊ ဒုတိယဝန်ကြီး ဦးအောင် သန်းဦး၊ ဦးကျော်လွင်နှင့် ဒေါက်တာ ဝင်းမြင့်တို့က တင်ပြချက်များအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည် ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ ဒုတိယသမ္မတကိုယ်စား ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် က ကျေးရွာအုပ်စုများအတွက် ဆိုလာ မီးအိမ် အလုံး ၃၀ ကို နမူနာအဖြစ် ပေးအပ်လှူဒါန်းသည်။

ထို့နောက် ကမ္ဘောဇဘဏ်လီမိတက်၊ အေးရှားဝေါလ်ကုမ္ပဏီ၊ သမဝါယမ ဘဏ်၊ ရွှေသံလွင်ကုမ္ပဏီနှင့် နယူးစတား လိုက်ကုမ္ပဏီတို့ စုပေါင်းလှူဒါန်းသော ရှမ်း၊ လီဆူးနှင့် ပလောင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအတွက် တစ်ဖွဲ့လျှင် ငွေကျပ်သိန်း ၂၀ စီဖြင့် ငွေကျပ်သိန်း ၆၀ ကို ကုမ္ပဏီများကိုယ်စား နယူးစတား လိုက်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်း က ပေးအပ်သည်။

ယင်းနောက် လားရှိုးမြို့မှ DGH ဓာတ်ခဲစက်ရုံကုမ္ပဏီဥက္ကဋ္ဌက R20 မျောက်တံဆိပ်ဓာတ်ခဲအလုံး ၂၄၀ ပါ ၆၇ ပုံးကိုလည်းကောင်း၊ ရွှေနှင်းတောင် ကုမ္ပဏီဥက္ကဋ္ဌက စိုက်ပျိုးရေးသုံး ဆေးဖျန်းပုံး ၆၈ ပုံးကို လည်းကောင်း ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ကမ္ဘောဇဘဏ် လီမိတက်၊ အေးရှားဝေါလ်ကုမ္ပဏီ၊ သမဝါယမဘဏ်၊ ရွှေသံလွင်ကုမ္ပဏီနှင့် နယူးစတားလိုက်ကုမ္ပဏီတို့ စုပေါင်း လှူဒါန်းသော သီပေါမြို့နယ်ဆေးရုံ အတွက် လူနာတင်ယာဉ်တစ်စီးကို ကုမ္ပဏီအားလုံးကိုယ်စား ရွှေသံလွင် ကုမ္ပဏီ၊ နယူးစတားလိုက်ကုမ္ပဏီ၊ ကမ္ဘောဇဘဏ်အုပ်စုကုမ္ပဏီနှင့် အေးရှား ဝေါလ်ကုမ္ပဏီတို့မှ တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ က ဆေးရုံများနှင့် ကျေးလက်ကျန်းမာ ရေးဌာနများ၊ အခြေခံပညာကျောင်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အထွေထွေ အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရှမ်း၊ ပလောင်နှင့် လီဆူးစာပေနှင့် ယဉ်ကျေးမှု အဖွဲ့များနှင့် မြို့နယ်ရဲတပ်ဖွဲ့စခန်းတို့ အတွက် DTH Sky Net ရုပ်သံ ဖမ်းစက် စုစုပေါင်း ၂၆ စုံကိုပေးအပ် လှူဒါန်းသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတ သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတ၊ ဇနီးနှင့် အဖွဲ့ဝင်များသည် သီပေါမြို့မှ ရဟတ် ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး ညနေပိုင်း တွင် လားရှိုးမြို့သို့ ပြန်လည်ရောက်ရှိကြ သည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင် များသည် လားရှိုးမြို့ နားမခေါ် ကျေးရွာရှိ အဝေးပြေးယာဉ်ရပ်နား စခန်း (နားမခေါ်) တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိ ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတအား တွဲဖက်ပြည်နယ်အင်ဂျင်နီယာမှူးကြီးနှင့် မြို့နယ် မြေစာရင်းဦးစီးမှူးတို့က လားရှိုးမြို့ မြို့ရှောင်လမ်းအဆိုပြုလမ်း အူကြောင်းများ၏ မြေပြင်အနေအထား၊ ခရီးအကွာအဝေး၊ ခန့်မှန်းကုန်ကျစရိတ် နှင့် လမ်းအူကြောင်းတစ်လျှောက် ကျေးရွာများတည်ရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းဌေးတို့က အဆိုပြု လမ်းအူကြောင်းများအနက် သင့်လျော် သည့်လမ်းအူကြောင်းများနှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးကြသည်။

တင်ပြချက်များအပေါ် ဒုတိယ သမ္မတက သိရှိလိုသည့်အချက်များကို မေးမြန်းပြီး တာဝန်ရှိသူများအား လိုအပ်သည်များကိုမှာကြားသည်။

ထို့နောက် လားရှိုးမြို့နယ်အတွင်း မြို့ကွက်သစ်များ ဖော်ထုတ်ချထားပေး နိုင်ရေး လျာထားမြေနေရာနှင့် ကျူးကျော် အိမ်ရာများပြန်လည်နေရာချထားရေး ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယ သမ္မတက ပြန်လည်သုံးသပ်ဆွေးနွေး မှာကြားသည်။

ယင်းနောက် ပြည်နယ်စည်ပင် သာယာရေးအဖွဲ့ရုံးခွဲအမှုဆောင်အရာရှိ က လားရှိုးမြို့၌ လက်ရှိအဝေးပြေး ယာဉ်ရပ်နားစခန်းများ၏ ယာဉ်ဝင် ထွက်မှုအခြေအနေနှင့် အဝေးပြေးယာဉ် ရပ်နားစခန်း(နားမခေါ်) တည်ဆောက် ရေးအတွက် စီစဉ်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ် က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တည်ဆောက်ရန် အဆိုပြုထားသည့် Shining Myanmar Construction Co.,Ltd. မှ တာဝန် ရှိသူများက အဆိုပြုပုံစံနှင့် ထည့်သွင်း တည်ဆောက်မည့်အဆောက်အအုံများ ကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက အဝေးပြေးယာဉ် ရပ်နားစခန်း(နားမခေါ်) တည်ဆောက် ရာ၌ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့် အညီ အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ခေါ်ယူ ရန်၊ ကုန်ကျစရိတ် သက်သာမှုရှိစေရန်၊ အဆင့်မြင့် အဆောက်အအုံအဖြစ် အရည်အသွေး ကောင်းမွန်ရေး ထည့်သွင်းစီစဉ် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် အဝေးပြေးယာဉ်ရပ်နားစခန်း တည်ဆောက် ရန် ရွေးချယ်လျာထားသည့် မြေနေရာ ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူ များအား လိုအပ်သည်များကို မှာကြား သည်။

ယင်းနောက် ဒုတိယသမ္မတသည် မယ်ဟန်ကျေးရွာအနီးရှိ လားရှိုးမြို့ ရှောင်လမ်း ဖောက်လုပ်ရန်အဆိုပြု ရွေးချယ်ထားသည့် လမ်းအူကြောင်း မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး တာဝန် ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက် ခမ်းသည် ကျောက်မဲမြို့နှင့် သီပေါမြို့ တို့သို့ သွားရောက်ခဲ့သည့်ခရီးစဉ်အတွင်း ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားများအား တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် မိမိတို့ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့တို့ လာရောက်ခဲ့ကြခြင်းမှာ ကျောက်မဲမြို့နယ်နှင့် သီပေါမြို့နယ်များ ၏ လူမှုရေး၊ စီးပွားရေးအခြေအနေ တိုးတက်မှုကို သိရှိနိုင်ရန်နှင့် လိုအပ် သည်များ တတ်နိုင်သလောက်ပံ့ပိုးရန် လာရောက်ခြင်းဖြစ်ကြောင်း။

ကျောက်မဲမြို့နယ်သည် လွန်ခဲ့သည့် နှစ် ၃၀၊ ၄၀ လောက်က ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် လားရှိုးမြို့နှင့် အပြိုင် လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက် ခဲ့သည့် ဒေသဖြစ်ကြောင်း၊ ထိုအချိန်က လားရှိုးဘက်ကားလမ်း မကောင်း သေးသည့်အချိန်ဖြစ်၍ ကားလမ်း ကောင်းမွန်သော ကျောက်မဲမြို့သည် မန္တလေးမြို့နှင့် ပိုမိုနီးကပ်ခြင်း၊ ကားလမ်း ရော ရထားလမ်းပါ အလွယ်တကူ အသုံးပြုနိုင်ခြင်း၊ အလွန်နာမည်ကြီး သည့် ကျောက်မဲလက်ဖက်ခြောက် စသည့် ထွက်ကုန်များရှိခြင်း၊ ကမ္ဘာကပါ သိသည့် နာမည်ကျော် ဂုတ်ထိပ်တံတား ရှိခြင်း၊ အလွန်သာယာလှပသည့် ကျောက်မဲ-ဂုတ်တွင်းကားလမ်းရှိခြင်း၊ ကမ္ဘာတွင် နာမည်ကျော်ကြားသည့် ပတ္တမြားမြေဖြစ်သော မိုးကုတ်၊ နီလာ ထွက်ရှိသည့် မိုးမိတ်တို့နှင့် နီးကပ်ခြင်း တို့ကြောင့် လားရှိုးထက်ပင် နာမည် ကျော်ကြားပြီး ထင်ရှားခဲ့ကြောင်း။

အလားတူ သီပေါမြို့သည်လည်း တိုးတက်မှုရှိသင့်သလောက်ရှိသော်လည်း ကျေနပ်အားရလောက်သည့် စီးပွားရေး ဖွံ့ဖြိုးမှုမရှိသေးကြောင်း၊ သီပေါမြို့နယ် တွင် လူဦးရေ ၁၃၀၀၀၀ ခန့်ရှိပြီး လယ်ယာစိုက်ပျိုးရေး၊ လိမ္မော်၊ မက်မန်း၊ နာနတ်၊ ဖရဲ စသည့် စိုက်ပျိုးရေး ထွက်ကုန်များ ထွက်ရှိကြောင်း၊ သီပေါ မြို့နယ်အတွင်း ယခင်က ကျွန်းသစ်၊ သစ်ဝါးများ များစွာပေါများသည့် ဒေသ ဖြစ်ကြောင်း၊ ယခုအခါ လမ်းဘေးဝဲယာ တွင်သာ ကျွန်းပင်များကို တွေ့တော့ ကြောင်း။

တိုးတက်ပြောင်းလဲလာသည့် ခေတ် စနစ်၊ အခြေအနေများအရ လားရှိုးမြို့ သည် ပြည်နယ်အဆင့် ရုံးစိုက်ရာ မြို့ဖြစ်လာခြင်း၊ လေကြောင်းခရီးဖြင့် သွားလာနိုင်ခြင်း၊ မူဆယ်မြို့သည်လည်း စီးပွားရေးတစ်ဟုန်ထိုး တိုးတက်လာ ခြင်းတို့ကြောင့် ကျောက်မဲနှင့် သီပေါ မြို့များသည် ပုံမှန်စီးပွားရေးဖြင့်သာ လည်ပတ်နေသဖြင့် ဖွံ့ဖြိုးမှုနှုန်းအားနည်း ခဲ့ကြောင်း။

ပြီးခဲ့သည့် ရက်များအတွင်းက ရှမ်း ပြည်နယ်(မြောက်ပိုင်း)ရှိ စီးပွားရေး လုပ်ငန်းရှင်များအား ခေါ်ယူတွေ့ဆုံချိန် တွင် ကျောက်မဲခရိုင်အတွင်းမှ လုပ်ငန်းရှင် များလည်းပါဝင်ကြောင်း၊ လုပ်ငန်းရှင်များ ၏ကြုံတွေ့နေရသော အခက်အခဲများ၊ လိုအပ်ချက်များအား မေးမြန်းခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးခြင်း၊ အသေးစိတ် ဆွေးနွေးခြင်းတို့ ပြုလုပ်ခဲ့ ကြောင်း၊ ထိုသို့လက်ရှိ စီးပွားရေးအခြေ အနေဆွေးနွေးမှုများအပြင် နယ်စပ် ဒေသဖြစ်သည့် မူဆယ်မြို့အနီးတွင် စက်မှုဇုန်သို့မဟုတ် အထူးစီးပွားရေးဇုန် ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ရာ ကျောက်မဲမြို့နယ်နှင့် သီပေါမြို့နယ် များမှ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင် စေလိုကြောင်းဖြင့် ဖိတ်ခေါ်ခဲ့ကြောင်း။

ကျောက်မဲခရိုင်အတွင်းမှ လုပ်ငန်းရှင် များက ကျောက်မဲခရိုင်အတွင်း၌ လက်ဖက်လုပ်ငန်းသာရှိစေပြီး အခြား သော စီးပွားရေးလုပ်ငန်းများမရှိသေး ကြောင်း တင်ပြလာခဲ့သော်လည်း မိမိတို့ ဆောင်ရွက်မည့် စက်မှုဇုန်သို့မဟုတ် အထူးစီးပွားရေးဇုန်တွင် ပါဝင်ဆောင်ရွက် စေလိုကြောင်း၊ လူမှုရေးလုပ်ငန်းအခြား လုပ်ငန်းမှန်သမျှသည် စီးပွားရေးမတိုး တက်သမျှလုပ်ဆောင်၍ မရနိုင်ကြောင်း၊ မိမိတို့နိုင်ငံ၏ စီးပွားရေးအခြေအနေ အား ပြည်ပသို့ တင်ပို့နိုင်သည့် ပို့ကုန် ပမာဏကိုကြည့်လျှင် ရှင်းရှင်းလင်းလင်း သိမြင်နိုင်ကြောင်း။

မိမိတို့နိုင်ငံ၏ ပြည်ပပို့ကုန်မှာ ၂၀၁၀-၂၀၁၁ ခုနှစ် တစ်နှစ်လုံးတွင် ပို့ကုန်ပမာဏအမေရိကန်ဒေါ်လာ ၈ ဒသမ ၈ ဘီလီယံသာရှိကြောင်း၊ ထိုအချိန်တွင် အိမ်နီးချင်းနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံ၏ တစ်လပြည်ပပို့ကုန်ပမာဏ မှာ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ တစ်လ တည်းအတွက် အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံ၊ အင်ဒိုနီးရှားနိုင်ငံ၏ တစ်လ ပြည်ပပို့ကုန်ပမာဏ အမေရိကန် ဒေါ်လာ ၁၇ ဘီလီယံဝန်းကျင်၊ တောင် ကိုရီးယားနိုင်ငံမှ တစ်လလျှင် အမေ ရိကန်ဒေါ်လာ ၅၀ ဘီလီယံခန့်၊ တရုတ် နိုင်ငံမှ ၂၀၁၁ ခုနှစ် နိုဝင်ဘာလအတွက် အမေရိကန်ဒေါ်လာ ၁၇၅ ဘီလီယံတို့ ဖြစ်၍ မိမိတို့နိုင်ငံ၏ တစ်နှစ်တင်ပို့မှုနှင့် အခြားနိုင်ငံများ၏ တစ်လတင်ပို့မှု ကွာခြားချက်များကို ကြည့်လျှင် စီးပွား ရေးအရ ကွာခြားမှုများကို သိရှိနိုင် ကြောင်း။

အလားတူ ဖိလစ်ပိုင်နိုင်ငံသည်လည်း ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံတို့နှင့် မကွာခြားလှကြောင်း၊ ပြည်ပရောက် ဖိလစ်ပိုင်နိုင်ငံသားများ၏ နိုင်ငံသို့ ပြန်ပို့ငွေသည် တစ်လလျှင် အမေရိကန် ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံခန့်ရှိ ကြောင်း၊ မိမိတို့ထက် သဘာဝဘေးနှင့် ပိုမိုကြုံတွေ့ခံစားရသည့် ဘင်္ဂလားဒေ့ရှ် နိုင်ငံသည်လည်း ပြည်ပရောက် နိုင်ငံ သားများမှ ပြန်ပို့ငွေ တစ်လလျှင်အမေရိ ကန်ဒေါ်လာ ၁ ဘီလီယံခန့်ရှိကြောင်း။

ထို့ကြောင့် မိမိတို့အစိုးရလက်ထက် တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေ ရေးအတွက် အမြတ်ခွန်ဥပဒေများ ပြင်ဆင်ခြင်း၊ လုပ်ထုံးလုပ်နည်းများ လျှော့ချခြင်းတို့ ဆောင်ရွက်ပေးလျက် ရှိရာ ယခင်က ပြည်ပမှ ပြန်ပို့ငွေ၏ ၁၀ ရာခိုင်နှုန်းကို အခွန်အဖြစ် ကောက်ယူ ရာမှ ယခုအခါ ၂ ရာခိုင်နှုန်းသာ ကောက်ယူနေပြီး တရားဝင်ငွေလွှဲပေးပို့ နိုင်ရန်အတွက် ငွေကြေးဆိုင်ရာ လုပ်ထုံး လုပ်နည်းအများအပြားကို ဖြေလျှော့ ပေးခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံအတွင်း အဘက်ဘက်က ပြုပြင် ပြောင်းလဲမှုများကို ဆောင်ရွက်နိုင်မှသာ အခြားနိုင်ငံများကို အမီလိုက်နိုင်မှာ ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ယခု အချိန်အထိ စိုက်ပျိုးရေးကို အခြေခံ သည့် စီးပွားရေးကို ဆောင်ရွက်နေရ သည့်နည်းတူ ကျောက်မဲမြို့နယ်သည် လည်း လက်ဖက်စိုက်ပျိုး ထုတ်လုပ်ရေး လုပ်ငန်းကိုလည်းကောင်း၊ သီပေါမြို့နယ် သည် သစ်သီးဝလံသီးနှံစိုက်ပျိုးရေးကို အခြေခံရသည့် မြို့နယ်အဖြစ် လည်း ကောင်း တည်ရှိနေကြရသေးကြောင်း။

အဆိုပါ စိုက်ပျိုးရေးလုပ်ငန်းများ သည် စားဝတ်နေရေးအတွက် အဆင် ပြေသော်လည်း အမှန်တကယ်တိုးတက် လိုပါက စက်မှုနိုင်ငံအဖြစ် ပြောင်းလဲ ရမှာဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် စီးပွားရေး လုပ်ငန်းများကို ကြည့်လျှင် သဘာဝ သယံဇာတပစ္စည်းများ အရင်းခံရောင်း ချသည့်စီးပွားရေး၊ လူ့စွမ်းအားအရင်း အမြစ်ကို အရင်းခံ၍ ဆောင်ရွက်သည့် စီးပွားရေးဟူ၍ရှိကြောင်း၊ အဆင့်မြင့် နည်းပညာသုံးစွဲသည့်နိုင်ငံ လူ့စွမ်းအား အရင်းအမြစ်ကို အရင်းခံဆောင်ရွက် သည့်နိုင်ငံ(ဥပမာ-စင်ကာပူ၊ မလေးရှား၊ တောင်ကိုရီးယား၊ ဂျပန်)တို့သည် အမှန် တကယ်တိုးတက်သည့် စက်မှုနိုင်ငံများ အဖြစ် ရပ်တည်နေကြပြီဖြစ်ကြောင်း။

ထို့ကြောင့် တန်ဖိုးမြှင့်ထုတ်ကုန် ပစ္စည်းများအဖြစ် ထုတ်လုပ်ရန်လိုအပ် နေပြီဖြစ်ကြောင်း၊ ကျောက်မဲမြို့နယ် ကဲ့သို့ ရိုးရာလက်ဖက်ထုတ်လုပ်ခြင်း၊ သီပေါမြို့နယ်ကဲ့သို့ သစ်သီးဝလံများ အလုံးလိုက် တင်ပို့နေရခြင်းမျိုးထက် အဆင့်မြင့် တင်နိုင်မည့်နည်းလမ်းများ ဖြင့် ထုတ်လုပ်နိုင်ရေးအတွက် ကူညီ ဆောင်ရွက်ပေးလိုကြောင်း၊ မည်သို့ ဆောင်ရွက်နိုင်မည်၊ မည်သည့်အရာများ က အတားအဆီး၊ အဟန့်အတားဖြစ် နေသည်ကို သိရှိဖြေရှင်းပေးရန် လာ ရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ အိမ်နီးချင်း နိုင်ငံများသည် စိုက်ပျိုးရေးအခြေခံ စီးပွားရေးလုပ်ငန်းမှ စက်မှုအခြေခံ စီးပွားရေးနှင့် ဝန်ဆောင်မှုအခြေခံ စီးပွားရေးလုပ်ငန်းများသို့ ပြောင်းလဲ နေကြပြီဖြစ်ကြောင်း၊ ၎င်းကဏ္ဍနှစ်ရပ် ကို ဖွံ့ဖြိုးတိုးတက်လာစေရန် ကူညီ အားပေးလိုကြောင်း။

နောက်တစ်ချက်မှာ နိုင်ငံတော် အစိုးရ တာဝန်ယူဆောင်ရွက်နေသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းဖြစ်ကြောင်း၊ ကျေးလက်ဒေသတွင် ပြည်သူအများစု နေထိုင်ကြပြီး ဆင်းရဲချို့တဲ့သူ ပိုမို များပြားကြောင်း၊ မြို့ပြများတွင်လည်းရှိ ကြောင်း၊ အဆိုပါ စီမံကိန်းတွင် လုပ်ငန်း စဉ်(၈)ရပ်ရှိပါကြောင်း၊ အသေးစားကုန် ထုတ်လုပ်မှုလုပ်ငန်းများတွင် ကျောက်မဲ မြို့နယ်၌ ဆီးချိုသီးလုပ်ငန်း၊ ခေါ်ပုတ် လုပ်ငန်း၊ လက်ဖက်လုပ်ငန်း အစရှိသည် တို့ ပါဝင်ကြောင်း၊ ကျေးလက်မီးလင်းရေး

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်

နွေစပါးတစ်ဧကတင်း ၂၀၀ စပါးပြကွက်၌

ဇာတ်တော်ကြီးနှင့် ပဒေသာယိမ်းအ

နေပြည်တော် ဖေ

အလင်္ကာကျော်စွာ ရွှေမန်းဦးတင်ေ
တင်ခန်း"ကို ယဉ်ကျေးမှုဝန်ကြီးဌာန အနုပ
မင်းသားညဏ်ဝင်း၊ မင်းသားသန်းစိုး၊ မင်း
ဇာတ်စကား၊ ဇာတ်ချင်း" များဖြင့် လည်း
များဖြင့်လည်းကောင်း၊ အကယ်ဒမီခီရာမို
မြန်မာသံတေးသီချင်းများနှင့်အတူ ရန်ကုန်
ည ၇ နာရီနှင့် မန္တလေးမြို့အမျိုးသားဇာတ်
ဖျော်ဖြေတင်ဆက်မည်ဖြစ်သည်။
လက်မှတ်များကို ရန်ကုန်နှင့်မန္တလေ
Mart Super Market များနှင့် Ocean Su
ကြောင်း သတင်းရရှိသည်။



နှစ်ပေါင်း ၁၂၀ ကျော် ဘုန်းေ
ကမ္ဘာလှည့်များ လာေ

ညောင်ရွှေ ဖေဖော်ဝါရီ ၂၅

နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားများ၏ အင်းလေးဒေသခရီးစဉ်တွင် ရွှေရန်ပြေ ဘုန်းတော်ကြီးကျောင်းလည်း တစ်ခုအပါ အဝင်ဖြစ်သည်။ ရွှေရန်ပြေ ဘုန်းတော်ကြီး ကျောင်းသည် ညောင်ရွှေ မြို့သို့ မရောက်မီ တစ်မိုင်ခွဲခန့်အလို ရွှေညောင်-ညောင်ရွှေ လမ်းမကြီးဘေးတွင် တည်ရှိသည်။

"အင်မတန်မှ လက်ရာမြောက်စွာ ဆောက်လုပ်ထားတဲ့ ရှားပါးရှေးဟောင်း အဆောက်အအုံဖြစ်တဲ့အတွက် ရှေးမူပျက် ပြုပြင်ထိန်းသိမ်းသင့်တဲ့ အဆောက်အအုံဖြစ်

သီပေါမြို့နယ်ကဲ့သို့ သစ်သီးဝလံများ အလုံးလိုက် တင်ပို့နေရခြင်းမျိုးထက် အဆင့်မြင့် တင်နိုင်မည့်နည်းလမ်းများဖြင့် ထုတ်လုပ်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးလိုကြောင်း၊ မည်သို့ဆောင်ရွက်နိုင်မည်၊ မည်သည့်အရာများက အတားအဆီး၊ အဟန့်အတားဖြစ်နေသည်ကို သိရှိဖြေရှင်းပေးရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများသည် စိုက်ပျိုးရေးအခြေခံစီးပွားရေးလုပ်ငန်းမှ စက်မှုအခြေခံ စီးပွားရေးနှင့် ဝန်ဆောင်မှုအခြေခံ စီးပွားရေးလုပ်ငန်းများသို့ ပြောင်းလဲနေကြပြီဖြစ်ကြောင်း၊ ၎င်းကဏ္ဍနှစ်ရပ်ကို ဖွံ့ဖြိုးတိုးတက်လာစေရန် ကူညီအားပေးလိုကြောင်း။

နောက်တစ်ချက်မှာ နိုင်ငံတော်အစိုးရ တာဝန်ယူဆောင်ရွက်နေသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းဖြစ်ကြောင်း၊ ကျေးလက်ဒေသတွင် ပြည်သူအများစုနေထိုင်ကြပြီး ဆင်းရဲချို့တဲ့သူ ပိုမိုများပြားကြောင်း၊ မြို့ပြများတွင်လည်းရှိကြောင်း၊ အဆိုပါ စီမံကိန်းတွင် လုပ်ငန်းစဉ်(၈)ရပ်ရှိပါကြောင်း၊ အသေးစားကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် ကျောက်မဲမြို့နယ်၌ ဆီးချိုသီးလုပ်ငန်း၊ ခေါပုတ်လုပ်ငန်း၊ လက်ဖက်လုပ်ငန်း အစရှိသည်တို့ ပါဝင်ကြောင်း၊ ကျေးလက်မီးလင်းရေးအတွက် လျှပ်စစ်မီးသွယ်တန်းမှုသည် နယ်မြေ အေးချမ်းတည်ငြိမ်မှုရှိမှသာ ဆောင်ရွက်နိုင်သော လုပ်ငန်းဖြစ်၍ နယ်မြေအေးချမ်းတည်ငြိမ်ရေးကို ပြည်သူလူထုအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် ကြစေလိုကြောင်း။

ကျောက်မဲမြို့နယ်နှင့် သီပေါမြို့နယ်များတွင်လည်း ဖြစ်ထွန်းနိုင်သော ကမ္ဘာ့ခရီးသွားများအတွက် ဝန်ဆောင်မှုကဏ္ဍတစ်ရပ်အဖြစ်ဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့နိုင်ငံတွင် ယခုအခါဗီဇာများ လွယ်ကူစွာ ရရှိရေးဆောင်ရွက်ပေးနေပြီဖြစ်သလို ဆိုက်ရောက်ဗီဇာ (On Arrival Vica) များ ပေးရန်လည်း အလားအလာကောင်းနေပြီဖြစ်ကြောင်း၊ မီးခိုးမဲ့စက်ရုံဟုခေါ်နိုင်သည့် ခရီးသွားလုပ်ငန်းသည် လာအိုနိုင်ငံသို့ ခရီးသွားဦးရေနှစ်သန်းခန့်၊ ထိုင်းနိုင်ငံသို့ သန်း ၂၀ ခန့်လာရောက်ကြသဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူဖြစ်စေကြောင်း၊ လူဦးရေ ၈ သောင်းခန့်သာရှိသည့် အင်ဒိုရာနိုင်ငံသည် ကုန်းတွင်းပိတ်နိုင်ငံတစ်ခုဖြစ်ပြီး ခရီးသွားလုပ်ငန်းကိုသာ အဓိကထားသည့်နိုင်ငံဖြစ်ကြောင်းကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

ကျောက်မဲတွင် ရိုးရာစိုက်ပျိုးနည်းဖြင့် စိုက်ပျိုးသောလက်ဖက်ခြံများ၊ ခေတ်မီနည်းပညာဖြင့် စိုက်ပျိုးသော လက်ဖက်ခြံများ၊ လက်ဖက်ခူးဆွတ်ချိန်များကို ပြသ၍ရကြောင်း၊ ဗြိတိသျှနိုင်ငံသားများ အထူးစိတ်ဝင်စားသည့်ဂုတ်ထိပ်တံတားကြီးသည် သက်တမ်းကုန်ဆုံးနေသော်လည်း အသုံးပြု၍ရဆဲဖြစ်၍ သွားရောက်ကြည့်ရှုလိုသူ၊ ဖြတ်လျှောက်ကြည့်လိုသူရှိကြကြောင်း၊ သီပေါမြို့နယ်တွင် သမိုင်းဝင်ဘော်ကြိုဘုရား၊ ယခင်စော်ဘွားများနှင့် ဆက်စပ်ရာနေရာများ၊ မိုးကုတ်၊ မိုးမိတ်ဒေသများ စသည်ဖြင့်ခရီးသွားများ အလွန်နှစ်သက်မည့် ခရီးစဉ်နေရာများဖြစ်၍ စဉ်းစားဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားများ၏ စာပေနှင့် ယဉ်ကျေးမှုများကို အားပေးနိုင်ရန် တိုင်းရင်းသား(စာပေ) သင်ကြားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း အခြားသော ဘာသာ၊ ယဉ်ကျေးမှုများအား မထိခိုက်လျှင် လွတ်လပ်စွာ သင်ကြားနိုင်ကြမှာဖြစ်ကြောင်း၊ သင်ကြားနိုင်ကြအောင်လည်း ပြင်ဆင်ထားကြစေလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်က ဆောင်ရွက်နေသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်များတွင် ပြည်သူအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် ပိုမိုရင်းနှီးမြှုပ်နှံဆောင်ရွက်ရေးတို့ကို ဒေသနှင့်လျော်ညီသည့် လုပ်ငန်းရပ်များဖြင့် ဆက်စပ်ဆောင်ရွက်သွားရန် တိုက်တွန်း မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီတွင် လားရှိုးမြို့ ရွှေလီရိပ်သာ၌ ကျင်းပသော ရှမ်းပြည်နယ်(မြောက်ပိုင်း) ခရီးစဉ်အတွင်း ဒေသခံများ၏ တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်သည့် ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊ ဦးအုန်းမြင့်နှင့် ဦးခင်ရီ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ ဦးကျော်လွင်၊ ဦးဝင်းသန်း၊ ဒေါက်တာဝင်းမြင့်၊ ဒေါက်တာကံဇော်၊ ဦးအောင်သန်းဦးနှင့် ဦးခင်ဇော်တို့က ခရီးစဉ်အတွင်း မြို့မိမြို့ဖများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး ယခုခရီးစဉ်အတွင်း ချက်ချင်းလက်ငင်းဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ အချို့ကိစ္စရပ်များမှာ မူဘောင်အတွင်းမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များရှိသဖြင့် မိမိတို့ဌာန ရောက်ရှိသည့်အခါ ပြန်လည်ညှိနှိုင်း၍ စီစဉ်ဆောင်ရွက်ပေးသွားရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့နယ် ဆုံကွယ်ကျေးရွာတောင်သူ ဦးထွန်းလူ၏ အထူးအထွက်တိုး နှံစပါးတစ်ဧကတင်း ၂၀၀ စံပြကွက်သို့ရောက်ရှိကြပြီး တောင်သူများ၏ မြေသြဇာကြဲပက်ပွဲကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် သိလိုသည်များကို တောင်သူများအား အသေးစိတ်ဆွေးနွေးမေးမြန်းသည်။

ယင်းနောက် ဒုတိယသမ္မတက ဒေသခံတောင်သူများ အမှန်တကယ်စိုက်ပျိုးလိုစိတ်ရှိအောင် တောင်သူများကြိုက်နှစ်သက်သည့်စပါးမျိုးများ လိုအပ်သည့်အချိန်တွင် အချိန်မီရရှိရေး၊ ရေပေးဝေမှုများသည် လယ်များအထိ ရောက်ရှိအောင် ပေးဝေရေးတို့ကို ဆောင်ရွက်သွားကြရန်နှင့် ဒေသခံလယ်သမားများအနေဖြင့် အမှန်တကယ်အကျိုးရှိပါက ၎င်းတို့ကိုယ်တိုင် စိတ်ပါဝင်စားစွာ စိုက်ပျိုးလိုကြမည်ဖြစ်သည်ကို သိရှိထားရန် လိုအပ်ကြောင်း၊ တောင်သူများ၏ယုံကြည်မှုရရှိအောင် ဆောင်ရွက်သွားရန် အထူးအရေးကြီးကြောင်း၊ ထို့ပြင် ယခုကဲ့သို့လာရောက်စစ်ဆေးချိန်တွင် ဟန်ပြပြသခြင်းမျိုး မဖြစ်စေရန်နှင့် ဒေသခံတောင်သူများကိုယ်တိုင် တောင်းဆိုစိုက်ပျိုးလာသည်အထိ သက်ဆိုင်ရာဌာနများက ဝိုင်းဝန်းပံ့ပိုးပေးသွားကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က တောင်သူများအား လယ်ယာအသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရေးနှင့် စိုက်ပျိုးစရိတ်ချေးငွေရယူနိုင်မည့် နည်းလမ်းများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ရွှေနှင်းတောင်ကုမ္ပဏီဥက္ကဋ္ဌက လားရှိုးခရိုင်အတွင်းရှိ လားရှိုးမြို့နယ်၊ သိန်းနီမြို့နယ်၊ တန့်ယန်းမြို့နယ်နှင့် မိုင်းယော်မြို့နယ်တို့မှ စပါးစိုက်ပျိုးထုတ်လုပ်မှုတွင် အများဆုံးထွက်ရှိသည့် တောင်သူများအား စိုက်ပျိုးရေးသုံး ဆေးဖျန်းပုံး ၅၀ ကို လည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အတွက် စိုက်ပျိုးရေးသုံး ဆေးဖျန်းပုံး ၅၀ ကို လည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ ဒုတိယသမ္မတသည် လားရှိုးမြို့နယ် ဟိုပိတ်ကျေးရွာအနီး လားရှိုးမြို့ မြို့ရှောင်လမ်းဖောက်လုပ်ရန် အဆိုပြု လမ်းအူကြောင်း အမှတ်(၁)၏ အထွက်လမ်းဖောက်လုပ်ရန် သင့်လျော်မည့် လမ်းကြောင်းမြေနေရာ(၃)နေရာကို လိုက်လံကြည့်ရှုစစ်ဆေးရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တွဲဖက်ပြည်နယ်အင်ဂျင်နီယာမှူးကြီးက လမ်းအူကြောင်း အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက လမ်းဖောက်လုပ်ရန် အသင့်လျော်ဆုံးနေရာ၏ မြေအနေအထားကို အသေးစိတ်စူးစမ်းလေ့လာတွက်ချက်၍ တင်ပြဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် လားရှိုးမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လားရှိုးမြို့နယ် ဆုံကွယ်ကျေးရွာ တောင်သူဦးထွန်းလူ၏ အထူးအထွက်တိုး နှံစပါးတစ်ဧကတင်း ၂၀၀ စံပြကွက်၌ တောင်သူများ မြေသြဇာကြဲပက်ပွဲကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန် သီပေါမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန် ကျောက်မဲမြို့နယ်နှင့် သီပေါမြို့နယ်ရှိ လူမှုရေးအသင်းအဖွဲ့များနှင့်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်သည် ယမန်နေ့ နံနက် ၉ နာရီတွင် ကျောက်မဲမြို့ မေတ္တာမွန်ခန်းမ၌ ကျင်းပသော ကျောက်မဲမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များအား တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဒုတိယသမ္မတ၏ဇနီးက အမှာစကားပြောကြားရာတွင် မိမိသည် ဒေသခံပြည်သူများ၏ လူမှုရေးလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလိုသဖြင့် ယခုကဲ့သို့ တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးစောင့်ရှောက်ခြင်းလုပ်ငန်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ခေတ်အဆက်ဆက် ဆောင်ရွက်လာခဲ့ကြကြောင်း၊ ယခုအစိုးရအသစ်လက်ထက်တွင်လည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသခံပြည်သူများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် စေတနာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များကလည်း လှူဒါန်းထောက်ပံ့မှုများ ပေးလျက်ရှိကြောင်း၊ ဒေသခံတိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များအနေဖြင့် မိမိတို့အမျိုးသမီးများ လူကုန်ကူးမှုမခံရစေရန် ဝိုင်းဝန်းစောင့်ရှောက်ကြစေလိုကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း ဒေသအာဏာပိုင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများ၊ အမျိုးသမီးရေးရာအဖွဲ့များနှင့် တက်တက်ကြွကြွ ပူးပေါင်းပါဝင် ဆောင်ရွက်ကြစေလိုကြောင်း၊ အမျိုးသမီးများ၏ ဘဝတိုးတက်ရေးအတွက် အတိုးနှုန်းသက်သာစွာဖြင့် ငွေချေးပေးသည့် လုပ်ငန်းကိုဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အမျိုးသမီးများဘက်ကလည်း အသင်းအဖွဲ့များ ဖွဲ့စည်းမှတ်ပုံတင်၍ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်စေလိုကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတ၏ဇနီးက ကျောက်မဲခရိုင် အမျိုးသမီးရေးရာအဖွဲ့အတွက် ရန်ပုံငွေကျပ် ငါးသိန်းကို လည်းကောင်း၊ ကျောက်မဲမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ရန်ပုံငွေကျပ်ငါးသိန်းကို လည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။ ယင်းနောက် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် တစ်ဦးချင်း ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး အမှတ်တရစုပေါင်းဓာတ်ပုံရိုက်သည်။

ယင်းနောက် ကျောက်မဲမြို့မေတ္တာမွန်ခန်းမ၌ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဖွင့်လှစ်ထားရှိသော စက်ချုပ်သင်တန်း၏ လေ့ကျင့်သင်ကြားပေးမှုများကို ကြည့်ရှုအားပေးကာ ကျောက်မဲမြို့ အောင်မြေသာယာ သီလရှင်စာသင်တိုက်သို့ရောက်ရှိပြီး သီလရှင်စာသင်တိုက်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ စာသင်တိုက်နာယကဆရာကြီး ဒေါ်ထေရီက လက်ခံ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် မွန်းလွဲ ၂ နာရီတွင် မြို့နယ်အစည်းအဝေးခန်းမ၌ သီပေါမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များအား တွေ့ဆုံအမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့နာယက ပြည်နယ်ဝန်ကြီးချုပ်၏ဇနီးက အမှာစကားပြောကြားပြီး သီပေါမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို အသင်းအလုပ်အမှုဆောင်တစ်ဦးက လည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို အဖွဲ့အလုပ်အမှုဆောင်တစ်ဦးကလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင်များက ဂါရဝပြုမိတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတ၏ဇနီး ဒေါ်နန်းရွှေမှုန်က မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် အလှူငွေကျပ်ငါးသိန်းကို လည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့အတွက် အလှူငွေကျပ်ငါးသိန်းကို လည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြပြီး တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် အမှတ်တရဓာတ်ပုံရိုက်သည်။

ဒုတိယသမ္မတ၏ဇနီး ဒေါ်နန်းရွှေမှုန်သည် လားရှိုးမြို့နယ်အတွင်းရှိ ချို့တဲ့နွမ်းပါးသော တိုင်းရင်းသားကျေးရွာများသို့ ဆန်၊ ဆီ၊ ဆား၊ ငါးခြောက်၊ ကြက်သွန်များကို လှူဒါန်းခဲ့ပြီး ၎င်းပစ္စည်းများကို လားရှိုးခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့်တိုင်းရင်းသားလူမှုကူညီမှုအဖွဲ့များက သက်ဆိုင်ရာကျေးရွာများသို့ ဆက်လက်လှူဒါန်းပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇာတ်တော်ကြီးနှင့် ပဒေသာယိမ်းအကများပျော်ဖြေတင်ဆက်မည်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

အလင်္ကာကျော်စွာ ရွှေမန်းဦးတင်မောင်၏ "မဟာဗုဒ္ဓဝင် လေးတော်တင်ခန်း"ကို ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ရွှေတံဆိပ်ဆုများရှင် မင်းသားဉာဏ်ဝင်း၊ မင်းသားသန်းစိုး၊ မင်းသမီးမြင့်မြင့်ကြည်တို့က "ဇာတ်စာ၊ ဇာတ်စကား၊ ဇာတ်ချင်း" များဖြင့် လည်းကောင်း၊ အကအလှပဒေသာယိမ်းများဖြင့်လည်းကောင်း၊ အကယ်ဒမီဓိရာမိုရ်၊ စိုးစန္ဒာထွန်း၊ ဖိုးသောကြာတို့၏ မြန်မာသံတေးသီချင်းများနှင့်အတူ ရန်ကုန်မြို့အမျိုးသားဇာတ်ရုံ၌ မတ် ၃ ရက် ည ၇ နာရီနှင့် မန္တလေးမြို့အမျိုးသားဇာတ်ရုံ၌ မတ် ၇ ရက် ည ၇ နာရီတို့တွင် ဖျော်ဖြေတင်ဆက်မည်ဖြစ်သည်။

လက်မှတ်များကို ရန်ကုန်နှင့်မန္တလေးမြို့တို့ရှိ အမျိုးသားဇာတ်ရုံ ၊ City Mart Super Market များနှင့် Ocean Super Center များ၌ ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၂-၂၀၁၂ (တနင်္ဂနွေနေ့)

AM & PM

- ၅:၄၀ "သဒ္ဓါရ၊ ပစ္စယာ၊ ဝိဉာဉက်" တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ပါမောက္ခချုပ် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ)
- ၈:၅၀ The Shop Around The Corner
- ၉:၂၅ Sunday Talk [ခင်မောင်ညို(ဘောဂဗေဒ)၊ မျိုးမြတ်သူ)
- ၉:၅၅ ခေတ်မီစက်ကိရိယာများနှင့် ပြည်သူများအတွက် မန္တလာမြေမှ မြို့တော်ဆေးရုံ
- ၁၀:၄၀ ဗီဒီယိုပြခန်း
- ၁၁:၀၅ သင့်ကျန်းမာရေးစိတ်အေးဖို့ ရွှေမိုးပွင့်အေးကိုသွားကြစို့
- ၁၂:၂၀ aroma ၏ ထူးခြားဆန်းပြားသော Wedding Dress များ
- ၁၂:၃၅ ရန်ကုန်မြင်ကွင်းကျယ် (Mr.Brawny Boy 2011 Challenge)
- ၅:၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တေးသွားဧကရီ" (အပိုင်း-၂၈)**
- ၆:၁၅ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၆:၄၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်တေးသံရင်ခုန်သံ" (အပိုင်း-၄)**
- ၈:၃၀ Kaplan City Campus
- ၉:၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညှာနံ့ရာ" (အပိုင်း-၈၁)**
- ၁၀:၀၀ Barclays Premier League (Stoke Vs Swansea)
- ၂:၀၅ အလျော်အစား (ဇင်ထိုင်း၊ ငွေစင်သွန်း၊ ခင်သန်းနွယ်) (ဒါရိုက်တာ-ကျော်ဇောလင်း)

...နှစ်ပေါင်း ၁၂၀ ကျော် ဘုန်းတော်ကြီးကျောင်းသို့ ကမ္ဘာလှည့်များ လာရောက်လေ့လာ

ညောင်ရွှေ ဖေဖော်ဝါရီ ၂၅

...နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားများ၏ ...င်းလေးဒေသခရီးစဉ်တွင် ရွှေရန်ပြေ ...န်းတော်ကြီးကျောင်းလည်း တစ်ခုအပါ ...င်ဖြစ်သည်။ ရွှေရန်ပြေ ဘုန်းတော်ကြီး ...ျောင်းသည် ညောင်ရွှေမြို့သို့ မရောက်မီ ...ိုင်ခွဲခန့်အလို ရွှေညောင်-ညောင်ရွှေ ...မ်းမကြီးဘေးတွင် တည်ရှိသည်။

"အင်မတန်မှ လက်ရာမြောက်စွာ ...ောက်လုပ်ထားတဲ့ ရှားပါးရှေးဟောင်း ...ဆောက်အအုံဖြစ်တဲ့အတွက် ရှေးမှုမပျက် ...ိုင်ထိန်းသိမ်းသင့်တဲ့ အဆောက်အအုံဖြစ်ပါတယ်။ မြန်မာ့ဗိသုကာ အနုပညာလက်ရာတွေကို ဒီကျောင်းမှာ တော်တော်များများ တွေ့ရပါတယ်။ ကမ္ဘာလှည့်ခရီးသွားများ **(ဝဲပုံ)**အလွန်စိတ်ဝင်စားပြီး လေ့လာမှုများတဲ့ နေရာလည်း ဖြစ်ပါတယ်"ဟု ခရီးသွား ဧည့်လမ်းညွှန်တစ်ဦးက ပြောသည်။

ရွှေရန်ပြေ ဘုန်းတော်ကြီးကျောင်း သည် သစ်သားကနုတ်တို့ဖြင့် အဆင့်ဆင့်တန်ဆာဆင်ထားသည့် ဘုံပြာသဒ်၊ ဘဲဥပုံသဏ္ဌာန် ဖောက်လုပ်ထားသော ပြတင်း၊ တံခါး၊ ရွှေပိန်းချထားသည့် ကျွန်းတိုင်ကြီးများဖြင့် ဆောက်လုပ်ထားသော ရတနာပုံခေတ် ဗိသုကာအဆောက်အအုံပုံဖြစ်သည်။ရှေးပန်းချီပန်းပုဆရာအကျော်အမော်တို့၏ လက်ရာမွန်ဖြစ်သောကြောင့် ကမ္ဘာလှည့်ခရီးသွားများအပြင် အနုပညာဗဟုသုတရှာသူများအတွက်ပါ လေ့လာရာနေရာတစ်ခုလည်းဖြစ်သည်။ ရွှေရန်ပြေဘုန်းတော်ကြီးကျောင်းကို မြန်မာသက္ကရာဇ် ၁၂၅၂ ခုနှစ်တွင် ဆောက်လုပ်ခဲ့ကြောင်း ရွှေရန်ပြေဘုရားကျောက်စာအရ သိရသည်။

(၆၇၃)

သက်ရှိလောက
တည်မြဲဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် GE Healthcare Co. ၏ ကျန်းမာရေးဆိုင်ရာပစ္စည်းများဖွင့်လှစ်ပြသပွဲ တက်ရောက်အားပေး

ရန်ကုန် ဖေဖော်ဝါရီ ၂၅

GE Healthcare Co. ၏ နောက်ဆုံးပေါ်ရောဂါရှာဖွေ ပုံရိပ်ဖော်စက်များဖြစ်သည့် MRI, CT, PET/ CT, X-ray, Ultrasound နှင့် IT (HCIT) များ ဖွင့်လှစ်ပြသသည့် အခမ်းအနားကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ရှိ Park Royal ဟိုတယ်၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် တက်ရောက် အားပေးသည်။

အခမ်းအနားတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး ဓာတ်ရောင်ခြည်ဌာန ဌာနမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက် ASEAN- GE Healthcare မှ အမှုဆောင်အရာရှိချုပ် Mr. David Utama နှင့် Sea Lion ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာတို့က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားကြပြီး GE Healthcare Co. ၏ ကျန်းမာရေး ဆိုင်ရာပစ္စည်းများကို ရှင်းလင်းမိတ်ဆက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က GE Healthcare ကုမ္ပဏီ၏ ကျန်းမာရေးဆိုင်ရာ နောက်ဆုံး ပေါ်ပစ္စည်းများကို လှည့်လည်ကြည့်ရှုသည်။ ယင်းနောက် Mr. David Utama နှင့် Sea Lion ကုမ္ပဏီ မန်နေဂျင်း ဒါရိုက်တာတို့က မီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည် ရှင်းလင်း ဖြေကြားကြသည်။

GE Healthcare Co. သည် New York Stock Exchange တွင် မှတ်ပုံတင်ထားသော General Electric Co. (GE) မှ ကုမ္ပဏီခွဲဖြစ်ပြီး မြန်မာနိုင်ငံ၏ ကျန်းမာရေး စောင့်ရှောက်မှု ဈေးကွက်အတွင်းသို့ နှစ်ပေါင်း(၁၀၀)အတွင်း ပထမဆုံးအကြိမ် ဝင်ရောက်လာခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ ကိုယ်စားလှယ်အဖြစ် Sea Lion Co., Ltd. အား တရားဝင် ခန့်အပ်ထားကြောင်း သိရသည်။

(သတင်းစဉ်)

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင် GE Healthcare Co.၏ ကျန်းမာရေးဆိုင်ရာ နောက်ဆုံးပေါ် ပစ္စည်းများကို ကြည့်ရှုစဉ်။(သတင်းစဉ်)

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာရင်းကိုင်(၃)ရာထူး အောင်မြင်သူများ ထုတ်ပြန်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအဖွဲ့အစည်းအသီးသီး၌ လစ်လပ်လျက်ရှိသော စာရင်းကိုင်(၃) (လစာနှုန်းကျပ် ၅၃၀၀၀- ၁၀၀၀ - ၅၈၀၀၀) ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲနှင့် လူတွေ့စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူ ၁၂ ဦး၏ စာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်သည်။

အောင်မြင်သူများမှာ ခုံအမှတ်(၁၊ ၆၊ ၃၃၊ ၄၄၊ ၄၆၊ ၄၈၊ ၅၅၊ ၆၃၊ ၉၂၊ ၉၉၊ ၁၁၁၊ ၁၁၂)တို့ဖြစ်ကြသည်။

ရေးဖြေ၊ လူတွေ့အောင်မြင်သူများသည် ဖေဖော်ဝါရီ ၂၉ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း အမှတ်(၂၁၂)ရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရန်ကုန်ရုံး)သို့ လာရောက် သတင်းပို့ကြရမည်ဖြစ်သည်။

(သတင်းစဉ်)

ယာဉ်အန္တရာယ်ကင်းရှင်းစေရေး မီးပွိုင့်များ တိုးချဲ့တပ်ဆင်

မန္တလေး ဖေဖော်ဝါရီ ၂၅

မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီသည် မြို့တော်နယ်နိမိတ် အတွင်း မြို့တော်အင်္ဂါရပ်နှင့်အညီ လမ်း တံတားများနှင့် ပတ်ဝန်းကျင်သန့်ရှင်း သပ်ရပ်သာယာလှပရေး၊ စိမ်းလန်း စိုပြည်ရေးလုပ်ငန်းများ အဆင့်မီစွာ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည်။ မြို့တော်လူထုယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် မြို့တော် အတွင်းရှိ လမ်းများအား အဆင့်မြှင့်တင် ထပ်ပိုးလွှာလမ်းသားချဲ့ထွင်ခြင်း၊ မြေသား လမ်းမှ ကျောက်ချောလမ်း၊ ကျောက်ချော လမ်းမှ ကတ္တရာလမ်း၊ ကတ္တရာလမ်းမှ နိုင်လွန်ကတ္တရာလမ်းများနှင့် ကွန်ကရစ် လမ်းများအား တိုးချဲ့ခင်းကျင်းပေးလျက် ရှိသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာန ကလည်း ယာဉ်အန္တရာယ် ကင်းရှင်း စေရေးအတွက် လမ်းညွှန်အမှတ်အသား များ ရေးဆွဲခြင်း၊ အခြေခံပညာ အထက်တန်းကျောင်းများရှေ့၌ လူကူး မျဉ်းကျားများ ရေးဆွဲပေးခြင်း၊ လမ်းမကြီး များ၌ ယာဉ်အန္တရာယ်သတိပေး ဆိုင်းဘုတ်များ စိုက်ထူခြင်းနှင့် လမ်းဆုံ လမ်းခွများ၌ အချက်ပြမီးပွိုင့်များ တပ်ဆင် လျက်ရှိရာ ဖေဖော်ဝါရီ ၁၅ ရက်က ယာဉ်သွားလာမှုရှုပ်ထွေးသော ချမ်းမြ သာစည်မြို့နယ် (၆၂)လမ်းနှင့် သိပ္ပံ လမ်းဆုံတွင်လည်းကောင်း၊ (၈၄)လမ်းနှင့် (၃၇)လမ်းထောင့်တွင် လည်းကောင်း၊ ကန်တော်ကြီးနှင့် စစ်ကိုင်းလမ်းဆုံတွင် လည်းကောင်း ဒစ်ဂျစ်တယ်အချက်ပြ မီးပွိုင့်များ တပ်ဆင်ပေးလျက်ရှိကြောင်း သိရသည်။ သီဟကိုကို(မန္တလေး)

❍ တယ်ရီဆာဆနာအသင်းမှ

နေပြီး ယခုပွဲတွင် အိမ်ရှင်ရတနာပုံအသင်းကို ထပ်မံအနိုင်ရရှိခဲ့သည်။ ဧရာဝတီ အသင်းအား ဂိုးပြတ်အနိုင်ရရှိခဲ့သည့်လူစာရင်းကို အနည်းငယ်အပြောင်းအလဲလုပ်ကာ ပွဲထွက်လာသည့် တယ်ရီဆာဆနာအသင်းမှာ ပွဲစကတည်းက ရတနာပုံဘက်ကို ဖိကစားနိုင်ခဲ့သည်။ အနိုင်ဂိုးများကို ၃၄ မိနစ်တွင် ပရတ်နှင့် ၉၃ မိနစ်တွင် ပွန်လာချိုင်းတို့က သွင်းယူပေးခဲ့သည်။ ရတနာပုံအသင်းမှာ လူစုံထုတ်ကာ ရလဒ် ကောင်းရန် ကြိုးစားခဲ့ပြီး အပိုင်ဂိုးသွင်းခွင့်များလွဲချော်ခဲ့၍သာ ချေပဂိုးနှင့် ဝေးခဲ့ရခြင်း ဖြစ်သည်။

ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်း၊ ဘီအီးစီတယ်ရီဆာဆနာ အသင်းပိုင်ရှင် Brian Marcar နှင့် တာဝန်ရှိသူများ နှစ်ဖက်အသင်းအား လိုက်လံ နှုတ်ဆက်စဉ်။

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်၏ ကျက်သရေဆောင် မြို့နယ် သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ထေရဝါဒဗုဒ္ဓဘာသာသာသနနုဂ္ဂဟအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိုးမြင့်-ဒေါ်ခင်လေးရီ၊ သားကြီး ဒေါက်တာဟိန်းသူ၊ သားငယ် ကိုစွမ်းလူ (နည်းပညာ တက္ကသိုလ် YCC)၊ သမီးငယ် မဓိတာရွှေ (TTC ကမာရွတ်) (နယူးရွှေစင်စိန်ရွှေ ရတနာဆိုင် မင်္ဂလာဒုံဈေး)က ငွေကျပ် ၁၁ သိန်းကို ဖေဖော်ဝါရီ ၁၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းသို့ လာရောက်လှူဒါန်းစဉ်။(ကြေးမုံ)

ဘလက်ဘန်းနောက်ခံလူ ခရစ်ဆမ်ဘာ ရုရှားကလပ်အန်ဇီအသင်းသို့ အပြီးသတ်ပြောင်းရွှေ့

မော်စကို ဖေဖော်ဝါရီ ၂၅

ဘလက်ဘန်းနောက်ခံလူ ခရစ်ဆမ်ဘာသည် ရုရှားကလပ် အန်ဇီအသင်းသို့ အပြီးသတ်ပြောင်းရွှေ့နိုင်ခဲ့ခြင်းဖြစ်ကြောင်း ဘလက်ဘန်းအသင်းက အတည်ပြုပြောကြားခဲ့သည်။ သို့သော် ၎င်း၏ ပြောင်းရွှေ့ကြေးကိုမူ ဖော်ပြထားခြင်း မရှိပေ။

အသက်(၂၇)နှစ်အရွယ် ဆမ်ဘာသည် ဇန်နဝါရီလကတည်းက အသင်းပြောင်းခွင့် တောင်းဆိုထားခဲ့ပြီး ပြီးခဲ့သည့် လအစောပိုင်းက ကစားခဲ့သည့် စတုတ်စီးတီးနှင့်ပွဲစဉ်တွင် ပါဝင်ကစားပြီး ကတည်းက နောက်ထပ် ပွဲစဉ်များတွင် ပါဝင်ကစားခြင်းမပြုခဲ့ပေ။

ဆမ်ဘာသည် ၂၀၀၇ ခုနှစ်အတွင်းက ဟာသာဘာလင်အသင်းမှ ဘလက်ဘန်းအသင်းသို့ပြောင်းရွှေ့ခဲ့ကာ ၁၈၄ ပွဲပါဝင်ကစားခဲ့ပြီး ၁၈ ဂိုးသွင်းယူနိုင်ခဲ့သည်။

အန်ဇီအသင်းသည် ရုရှားပရီမီယာလိဂ် အမှတ်ပေးဇယားအဆင့် (၇)တွင် ရပ်တည်နေသည်။ ဆမ်ဘာသည် အန်ဇီအသင်းတွင် ကျောနံပါတ် ၂၂ ဝတ်စုံကို ဝတ်ဆင်ဖွယ်ရှိပြီး ၎င်း၏ ပထမဆုံး ပွဲထွက်ကစားမှုအဖြစ် မတ် ၅ ရက်တွင် ကစားရမည့် ဒိုင်နမိုမော်စကိုနှင့်ပွဲတွင် ပါဝင်နိုင်ဖွယ်ရှိသည်။

အင်တာနက်။

ဟိန်းထက်လင်း

အာဆင်နယ်ကွင်းလယ်ကစားသမား အာရှာဗင် ရုရှားကလပ်ဇင်းနစ်အသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့

မော်စကို ဖေဖော်ဝါရီ ၂၅

ရုရှားကလပ် ဇင်းနစ်အသင်းသည် အာဆင်နယ် ကွင်းလယ်ကစားသမား အန်ဒရီအာရှာဗင်အား ဇူလိုင်လအထိ အငှားစာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့သည်။

အသက် (၃၀)အရွယ် အာရှာဗင်သည် ယခင်က ဇင်းနစ်အသင်းတွင် ကစားခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် အာဆင်နယ်သို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

ယခုနှစ်ဘောလုံးရာသီအတွင်း အာရှာဗင်သည် ပထမဦးစားပေးလူစာရင်းတွင် ပါဝင်ခြင်းမရှိဘဲ ၂၇ ပွဲတွင် လူစားလဲအဖြစ်သာ ဝင်ကစားခဲ့ရသည်။ ထို့ပြင် ၎င်းသည် အာဆင်နယ်ပရိသတ်များ၏ ဝေဖန်မှုကိုလည်း ခံနေရသည်။ ထို့ကြောင့် ၎င်းသည် ရုရှားအပြောင်းအရွှေ့ ဈေးကွက်မပိတ်မီ အသင်းဟောင်းဇင်းနစ် အသင်းသို့ ပြန်လည်ကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ယင်းကဲ့သို့ ၎င်း၏ အပြောင်းအရွှေ့နှင့်ပတ်သက်၍ ဇင်းနစ်အသင်းက ယခုလို မိမိတို့အသင်းသို့ အာရှာဗင် ပြန်လည်ပြောင်းရွှေ့လာသည့်အတွက် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါကြောင်း ပြောကြားခဲ့သည်။

အာရှာဗင်သည် အာဆင်နယ်အသင်းအတွက် ၁၃၃ ပွဲပါဝင်ကစားပြီး ၂၃ ဂိုး သွင်းယူပေးထားသည်။

အင်တာနက်။

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၅ - ၂ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၃၄၅၇	၀. ၀၃၂၉၅
တရုတ် (ယွမ်)	၆. ၂၉၈၆၀	၀. ၁၅၈၇၇
အိန္ဒိယ (ရူပီး)	၄၉. ၀၀၀၀	၀. ၀၂၀၄၁
မလေးရှား (ရင်းဂစ်)	၃. ၀၁၅၀၄	၀. ၃၃၁၆၇
စင်ကာပူ (ဒေါ်လာ)	၁. ၂၅၅၈၅	၀. ၇၉၆၂၇
ဂျပန် (ယန်း)	၈၀. ၆၉၈၀	၀. ၀၁၂၃၉
တောင်ကိုရီးယား(ဝမ်)	၁၁၂၄. ၈၀	၀. ၀၀၀၈၉
ယူရို	၀. ၇၄၃၆၅	၁. ၃၄၄၇၂
ဗြိတိသျှ (ပေါင်)	၀. ၆၂၉၈၈	၁. ၅၈၇၆၀

အင်တာနက်။

❑ ဟောလိဝုဒ်ကြယ်ပွင့်မှ

ဂျနီဖာကို ချစ်ကြတယ်၊ ကျွန်တော့်ဇနီး ကလည်း ဂျနီဖာကိုချစ်တယ်၊ ဂျက်စတင်သီ ရောက်လည်း ဂျနီဖာကိုချစ်တယ်” ဟု ပရိသတ်များကို ပြောကြားသည်။

အသက်(၄၃)နှစ်ရှိ ဂျနီဖာအန်နစ်စတန်သည် Friends ဇာတ်ကားဖြင့် ရွှေကမ္ဘာလုံးဆုနှင့် အမ်မီဆုများဆွတ်ခူး ရရှိခဲ့သည်။ လွန်ခဲ့သည့် ဆယ်စုနှစ်နှစ်ခု အတွင်း ဂျနီဖာသည် ဟောလိဝုဒ်အနုပညာလောက၌ ထင်ရှားကျော်ကြားခဲ့သူဖြစ်ပြီး အထူးသဖြင့် မင်းသားဘရက်ဒ်ပစ်နှင့် ငါးနှစ်ကြာ အိမ်ထောင်ကျခဲ့ပြီး ထိုစဉ်က ၎င်းတို့စုံတွဲသည် ဟောလိဝုဒ်၏ အကျော်ကြားဆုံးစုံတွဲဖြစ်ခဲ့သည်။

ဂျနီဖာ၏ နာမည်ကျော် လူကြိုက်များသည့် ဇာတ်ကားများမှာ The Good Girl၊ Derailed၊ The Break- Up၊ The Switch နှင့် Horrible Bosses ဇာတ်ကားတို့ဖြစ်သည်။ အင်တာနက်။

တာမွေမြို့နယ် အမက(၇)၏ ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပရာ တိုင်းအဆင့် စတုတ္ထတန်း အင်္ဂလိပ်စာ+သင်္ချာစွမ်းရည်ပြိုင်ပွဲဆု၊ မြို့နယ်အဆင့် ဘက်စုံထူးချွန်ပထမဆုရရှိသော မဆုမြတ်သံစဉ်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသန်း ဆုချီးမြှင့်စဉ်။

(ပညာရေး)

နိုင်ငံအတွင်း အဘက်ဘက်က ပြုပြင်ပြောင်းလဲနိုင်မှ အခြားနိုင်ငံများကို အမီလိုက်နိုင်မည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများတွင် ပြည်သူအားလုံးပါဝင် မိမိဒေသဖွံ့ဖြိုးရေးအတွက် စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် ပိုမိုရင်းနှီးမြှုပ်နှံဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ရှမ်းပြည်နယ် လားရှိုးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် လားရှိုးမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ နံနက် ၉ နာရီတွင် ကျောက်မဲမြို့သို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတ၊ ဇနီးနှင့်အဖွဲ့ဝင်များအား ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တိုင်းရင်းသားများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ကျောက်မဲမြို့ မြို့ကျက်သရေဆောင်ခန်းမ၌ ကျင်းပသော ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ယင်းနောက် ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ၊ ကုန်သည်လုပ်ငန်းရှင်တစ်ဦးနှင့် ပလောင်တိုင်းရင်းသားတစ်ဦးတို့က ဒေသ၏လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊ ဦးအုန်းမြင့်၊ ဦးခင်ရီနှင့် ဒေါက်တာမြဲအေး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ဒုတိယဝန်ကြီး ဦးခင်ဇော်နှင့် ဦးအောင်သန်းဦးတို့က သက်ဆိုင်ရာဝန်ကြီးဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ဒေသခံများ၏ တင်ပြချက်အပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ ဒုတိယသမ္မတကိုယ်စား ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြဲအေးက ကျေးရွာအုပ်စုများအတွက် ဆိုလာမီးအိမ်အလုံး ၃၀ ကို နမူနာအဖြစ် ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက လက်ခံကြသည်။

ယင်းနောက် ကမ္ဘောဇဘဏ်လီမိတက်၊ အေးရှားဝေါလ်ကုမ္ပဏီ၊ သမဝါယမဘဏ်၊ ရွှေသံလွင်ကုမ္ပဏီနှင့် နယူးစတားလိုက်ကုမ္ပဏီတို့ စုပေါင်းလှူဒါန်းသော ရှမ်း၊ ပလောင်၊ မုံးဝန်းနှင့် ကိုးကန့်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များအတွက် တစ်ဖွဲ့လျှင် ငွေကျပ်သိန်း ၂၀ စီဖြင့် ငွေကျပ်သိန်း ၈၀ ကို ကုမ္ပဏီများ အားလုံးကိုယ်စား ကမ္ဘောဇအုပ်စုကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးမိုးဆန်းအောင်က ပေးအပ်လှူဒါန်းရာ တိုင်းရင်းသားများက လက်ခံကြသည်။

ထို့နောက် လားရှိုးမြို့မှ DGH ဓာတ်ခဲစက်ရုံကုမ္ပဏီ ဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းက ကျေးရွာအုပ်စု များအတွက် R20 မျောက်တံဆိပ် ဓာတ်ခဲအလုံး ၂၄၀ ပါ ဓာတ်ခဲ ပုံး ၄၁ ပုံးကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းက ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ မြို့နယ်စာကြည့်တိုက်၊ လူမှုရေးအသင်းအဖွဲ့များ၊ အုပ်ချုပ်ရေးမှူးရုံးများ၊ မိုးကုတ်ဝိပဿနာတရားစခန်း၊ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

ယာဉ်ရပ်နားစခန်း မြေနေရာစစ်ဆေး

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လားရှိုးမြို့ နားမခေါ်ကျေးရွာရှိ အဝေးပြေးယာဉ်ရပ်နားစခန်း (နားမခေါ်) တည်ဆောက်ရန် ရွေးချယ်လျာထားသည့် မြေနေရာကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဟောလီဝုဒ်ကြယ်ပွင့်တစ်ခုတွင် ဂုဏ်ပြုခံခဲ့ရသည့် ဂျနီဖာအန်နစ်စတန်

နာမည်ကျော် ဟောလီဝုဒ်မင်းသမီး ဂျနီဖာအန်နစ်စတန်**(အောက်ပုံ)**သည် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ နာမည်ကျော် ဟောလီဝုဒ်လမ်းမကြီးပေါ်၌ သူမ၏နာမည်ကို ကြယ်ပွင့်တစ်ခုတွင် မှတ်တမ်းတင်ရေးထိုး၍ ဂုဏ်ပြုခြင်းခံခဲ့ရကြောင်း အင်တာနက်သတင်းများတွင် ဖော်ပြသည်။

ဂျနီဖာအန်နစ်စတန်သည် ယင်းဂုဏ်ပြုပွဲအခမ်းအနားသို့ သူမ၏ဖခင် ဂျွန်အန်နစ်စတန်၊ Wanderlust ဇာတ်ကားမှ တွဲဖက်သရုပ်ဆောင်သူလည်းဖြစ်၊ သူမ၏ချစ်သူလည်းဖြစ်သူ ဂျက်စတင်သီရောက်တို့နှင့်အတူ တက်ရောက်ခဲ့သည်။

ဂျနီဖာ၏ Just Go With It ဇာတ်ကားမှ ဟာသသရုပ်ဆောင်မင်းသား အဒမ်ဆန်ဒလာက "လူတိုင်းလူတိုင်း **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❑

တရုတ်နိုင်ငံရှိ ကျောက်မီးသွေးတွင်း တစ်တွင်း၏ လုပ်ငန်းခွင်တစ်နေရာကို တွေ့ရစဉ်။

ကျောက်မီးသွေးတွင်းများ ဘေးကင်းရေး ကြိုးမဲ့အာရုံခံစနစ်နည်းပညာ ဖော်ထုတ်

ဘာသာပြန် - စံစံ

ဝူရီ ဖေဖော်ဝါရီ ၂၅

တရုတ်နိုင်ငံရှိ ကျောက်မီးသွေးတွင်းများ၌ ဘေးကင်းလုံခြုံမှုရှိစေရန် ရည်ရွယ်လျက် ယင်းနိုင်ငံရှိ သုတေသီများက ဝိုင်ယာလက်စ်(ခေါ်)ကြိုးမဲ့အာရုံခံစနစ်တစ်ရပ်ကို တီထွင်ဖော်ထုတ်ထားပြီဖြစ်ကြောင်း သုတေသနအဖွဲ့တစ်ဖွဲ့က ဖေဖော်ဝါရီ ၂၄ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ကြိုးမဲ့အာရုံခံစနစ်ကို သတ္တုမိုင်းများ၌ အသုံးပြုနိုင်မည့်အပြင် ယာဉ်ရထားများ ကူးလူးသွားလာမှု ဘေးကင်းလုံခြုံရေးလုပ်ငန်းများ၌လည်း သုံးစွဲနိုင်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံ ဝူရီမြို့ရှိ သုတေသနဌာနတစ်ခုဖြစ်သော အာရုံခံစနစ် စက်မှုနည်းပညာသုတေသနဌာနမှ နည်းပညာရှင်ရှန်ကျီက ပြောကြားသည်။

ကြိုးမဲ့အာရုံခံကွန်ရက်စနစ်သည် လူတို့၏ လုပ်ငန်းဆောင်ရွက်မှုများ၊ ဓာတ်ငွေ့ယိုစိမ့်မှုများနှင့် ရေယိုစိမ့်မှုတို့ကို လေ့လာစောင့်ကြည့်ပေးမည်ဖြစ်သည်။

သိပ်သည်းဆပြောင်းလဲလာခြင်း၊ ဓာတ်ငွေ့များစုဝေးလာကာ ပေါက်ကွဲမှုဖြစ်ရန် တာစူလာခြင်းစသည့် ထူးခြားသောအခြေအနေများကို **စာမျက်နှာ ၅ ကော်လံ ၃ သို့** ✳

ထိုင်းပရီမီယာလိဂ်ကလပ် ချင်းရိုင်းယူနိုက်တက်ကို ကမ္ဘောဇအသင်း အနိုင်ယူ

သတင်း - ဖိုးသော်ဇင်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မြန်မာနေရှင်နယ်လိဂ်ကလပ် ကမ္ဘောဇအသင်းနှင့် ထိုင်းပရီမီယာလိဂ်ကလပ် ချင်းရိုင်းယူနိုက်တက်အသင်းတို့သည် ထိုင်းနိုင်ငံ ချင်းရိုင်းခရိုင် ချင်းရိုင်းမြို့တည် နှစ် (၇၅၀)ပြည့် ချစ်ကြည်ရေးခြေစမ်းပွဲကို ယနေ့ မြန်မာစံတော်ချိန် ၃ နာရီက ထိုင်းနိုင်ငံ မယ်ဆိုင်မြို့၌ ယှဉ်ပြိုင်ကစားကြရာ ကမ္ဘောဇအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ကမ္ဘောဇ- တစ်ဂိုး
(ဟန်ဆန်)
ချင်းရိုင်းယူနိုက်တက်- ဂိုးမရှိ

ကမ္ဘောဇအသင်းမှာ အိမ်ရှင်ချင်းရိုင်းယူနိုက်တက်ကို ခြေစွမ်းပြအနိုင်ယူပြီး အဝေးကွင်းတွင် နိုင်ပွဲရရှိခဲ့သည်။ ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲဝင် မြန်မာယူ-၂၁ အသင်းတွင် ပါဝင်သွားသည့် ကျော်ဇေယျာဝင်း၊ သိန်းသန်းဝင်းနှင့် မိုင်းအိုက်နိုင်၊ ဒဏ်ရာရနေသည့် လစ်ပီလစ်ပီတို့မှလွဲ၍ ကမ္ဘောဇအသင်းလူစုံခဲ့ပြီး တစ်လုံးတည်းသော အနိုင်ဂိုးကို ၁၆ မိနစ်တွင် နောက်ခံလူ ဟန်ဆန်က ထောင့်မှကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ အိမ်ရှင်ချင်းရိုင်းယူနိုက်တက်အသင်း ချေပဂိုးရရှိရန် တောက်လျှောက်ဖိကစားခဲ့သော်လည်း ကမ္ဘောဇဂိုးသမား ကျော်ဇင်ထက် လက်စွမ်းပြကာကွယ်သွား၍ ချင်းရိုင်းယူနိုက်တက် ရှုံးသွားရခြင်းဖြစ်သည်။

တယ်ရိုဆာဆနာအသင်း နိုင်ပွဲဆက်နေ

သတင်းနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်

မန္တလေး ဖေဖော်ဝါရီ ၂၅

ထိုင်းပရီမီယာလိဂ်ကလပ် တယ်ရိုဆာဆနာအသင်းနှင့် မြန်မာနေရှင်နယ်လိဂ်ကလပ် ရတနာပုံအသင်းတို့၏ ခြေစမ်းပွဲကို ယနေ့ညနေ ၄ နာရီတွင် မန္တလေးမြို့ ဗထူးကွင်း၌ ယှဉ်ပြိုင်ကစားကြသည်။

တယ်ရိုဆာဆနာအသင်း-နှစ်ဂိုး
ရတနာပုံ-ဂိုးမရှိ

ထိုင်းပရီမီယာလိဂ်ကလပ် တယ်ရိုဆာဆနာအသင်း၏ ရာသီကြို မြန်မာနိုင်ငံ ခြေစမ်းခရီးစဉ်မှာ ရလဒ်ကောင်းများဆက်တိုက် ရရှိ **စာမျက်နှာ ၁၀ ကော်လံ ၃ သို့** ❍